
စိတ်ကူးချိုချိုအနုပညာ

mayoe.com
SAMPLE BOOK




ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK




ISBN 9789997136800
BMT31
9 789997 136800
MMK 8,000.00

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းဝေဝေ၊ ဝန်းမော်တင်အောင်
စာမျက်နှာ ၃၀၀ မျက်နှာ၊ ၁၂.၀ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးခန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၅၊ သင့်တပေ၏ ပထမအကြိမ်မူ

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

## ပုဂ္ဂလနှင့် ခမ္ဗ၏ ပဋိပက္ခ

လူမှန်းသူမှန်း သိတတ်စပြုလာသော အသက်အရွယ်ပိုင်းလောက်မှ စတင်ဖြတ်သန်းခြင်းပြုရသော အရပ်ရပ် အတွေ့အကြုံနှင့် အမှတ်သညာများ၏ အစုအပေါင်းကို အတ္တဆို၏။ ထိုဖွင့်ဆိုချက် မှန်သလော။

အနတ္တ၊ အနတ္တဟု ဆိုဆုံးမနေသည့်အကြားမှ အတ္တစွဲနှင့် ကင်းရှင်းလွတ်ကျွတ်သူ ရှိသလော။

မိမိတို့၏ အတ္တကို အကြွေးရောင်းချသူများနှင့် ပေါင်နှံသူများ ရှိကြ၏။ ထိုအမှုသည် ဖြစ်နိုင်ကောင်းသလော။

*

ကိုယ်ကလည်း နှစ်သက်၍ ကိုယ့်ကိုလည်း နှစ်လိုကြည်ဖြူသော မိန်းကလေးတစ်ဦးကို သစ်စိမ်းချိုး ချိုးကာ ကိုယ်ကလည်း မသိ၍ ကိုယ့်ကိုလည်း မသိသော အခြားမိန်းကလေးတစ်ဦးကို ကိုယ့်ဘဝကြီးတစ်ခုလုံးနှင့် လဲလှယ်ဝံ့

mgyoe.com

mgyoe.com SAMPLE BOOK


သော လူစားမျိုးရှိ၏၊ အများအပြားပင်ရှိ၏။ ခေတ်ပညာတတ် လူတန်းစားများထဲတွင် ပိုမိုများပြား၏။ စာဖတ်သူသည် ထိုလူစားမျိုးကို နှာခေါင်းရှုံ့လိုသလော။

*

ကိုယ်မွေးထားသော သားကလေး၊ သမီးကလေးများကို အမိုက်သရိုက်လို စွန့်ပစ်တတ်ကြသော မိဘများ ရှိနေကြ၏။ ယင်းကို တန်ပြန်သည့်အနေနှင့် မိဘများကို စားနှင့်လိုက်တတ်သော သားသမီးများလည်း ရှိလာကြ၏၊ ဘယ်သူ့ကို အပြစ်ဆိုကြမည်နည်း။ အပြစ်ဆိုနေရုံနှင့် ပြဿနာသည် ပြေလည်နိုင်ပါမည်လော။ ပြဿနာ၏ အရင်းအမြစ်ကို အဘယ်သို့ တူးဖော်ရှာဖွေကြမည်နည်း။

❒

mgyoe.com


mgyoe.com
SAMPLE BOOK



ပန်းချီ ဦးဘရင်ကလေး၏လက်ရာနှင့်
ပထမအကြိမ်ထုတ် မျက်နှာဖုံး။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းဟေဝန်၏ ညတစ်ည

## (၁)

ကောင်းကင်ပြင် သန့်ရှင်းကြည်လင်သော ညတစ်ည ဖြစ်၏။ လမင်းသည် ထိန်ထိန်သာလျက် ရှိ၏။

အင်းလျားကန်ကို မျက်နှာမူ၍ ဆောက်လုပ်ထားသော ပန်းဟေဝန်၏ စာကြည့်ခန်းပြတင်းပေါက်ဝတွင် မတုန်မလှုပ်ရပ်ကာ အိမ်ရှင် ဦးသန်းတင့်သည် ကန်ရေပြင်ကို ငေးမောကြည့်ရှု၍နေ၏။ အိမ်ရှင်သည် အသက် ၄၀ ပတ်ဝန်းကျင်လောက်တွင် ရှိနိုင်လိမ့်ဦးမည်ဖြစ်၏။ သို့ရာတွင် သူ၏မျက်နှာသည် အသက်အရွယ်နှင့် ညီညွတ်ခြင်း မရှိလောက်အောင် အိုမင်းရင့်ရော်လျက် ရှိ၏။ သူ၏ နဖူးရေနှင့် ပါးရေများသည် တွန့်လိမ်ခြင်းသာ မရှိသေးသော်ငြားလည်း လျော့ပါးလျက် ရှိနေ၏။ ကာယကံရှင်ကတော့မူ သူ့ကိုယ်သူ သိချင်မှ သိပေမည်၊ သတိထားမိချင်မှလည်း သတိထားမိပေမည်။ သို့ရာတွင် မလွန်ကျူးအပ်သော အရာဟူသမျှကို စောင့်စည်းထိန်းသိမ်း၍ ကျန်းမာရေးကိုလည်း အလေးထား စောင့်ရှောက်ဟန် ရှိသောကြောင့် ထိုသူသည် သန်မာတောင့်တင်းသော ယောကျ်ားတစ်ယောက်ဖြစ်၏။ ခန့်ညားခိုင်မာသော အသွင်လည်း ဆောင်၏။

mgyoe.com

ဦးသန်းတင့် ငေးမောကြည့်ရှုနေသော ကန်ရေပြင်၏ တစ်ဖက်ကမ်းတွင် အုံ့ပျနေသော တောတန်းကလေးရှိ၏။ ရွက်ကြွေတောလည်းဖြစ်၏။ လေရူးသည် ရွက်ကြွေတောအတွင်း စိတ်ရှိသလောက် ခြေဆန့်ပြီးစီးသောအခါ ကန်အစပ်သို့ သုတ်သီးသုတ်ပျာ ထွက်၍လာ၏။ သူမွေနှောက် သောင်းကျန်းပစ်ခဲ့သော နောက်ကြောင်းကိုကား ယောင်၍မျှပင် လှည့်ကြည့်ဖော်မရ။ ကန်အစပ်တွင်လည်း ဣန္ဒြေရရ မနေ။ အာကာသ ဟင်းလင်းပြင်တွင် ထွန်းပနေသော ညမီးအိမ်ကို တစ်ချက်မျှမော်ကြည့်လိုက်ပြီးနောက် ခြေဦးတည့်ရာ ကန်၏ တစ်ဖက်ကမ်းသို့ဟားတိုက်ရယ်မောရင်း ကဆုန်ပေါက် ပြေးချလာပြန်၏။

ငြိမ်သက်ကြည်လင်နေသော ကန်ရေပြင်တွင် လေရူး၏ ခြေရာကလေးများ လှိုင်းထကျန်ရစ်၏။ လှိုင်းသည် တံပိုးတော့မဟုတ်။ အကွက်ကလေးများနှင့် ဂယက်ကလေးများလောက်သာ ဖြစ်၏။

ကန်တစ်ဖက်ကမ်းသို့ ရောက်ပြန်သောအခါ၌လည်း လေရူးသည် သူ့ဘာသာသူ နည်းနည်းကလေးမျှ ဣန္ဒြေမရ။ ဟိုကြည့် သည်ကြည့် လုပ်နေပြန်၏။ သို့ရာတွင် သူ ဖွေ့ယမ်းဖြတ်သန်းလာခဲ့သောနောက်ကြောင်းကိုမူကား ယောင်၍မျှပင် ပြန်လှည့်ကြည့်ဖော်မရ။ ကန်အစပ်တွင် တစ်ချက်မျှ အညောင်းဆန့်လိုက်ပြီးနောက် သူ့လမ်းခရီးတွင်အကာအဆီးဖြစ်နေသော ပန်းဟောဝန်ကို မခန့်လေးစား ဖွေ့ယမ်းတိုက်ခတ်သွားပြန်ပါပကောလား။

စာကြည့်ခန်း ပြတင်းပေါက်ဝတွင် ရပ်နေသော အိမ့်ရှင်သည် သိမ့်ခနဲ ဖြစ်သွား၏။ အများနည်းတူ အိပ်ရာဝင်ချိန်တွင် အိပ်ရာမဝင်သေးသော အိမ့်ရှင်ကို လေရူးသည် နောက်ပြောင်ကျီစယ်သွားခြင်းဖြစ်လေသလား မသိ။ သို့ရာတွင် သဇင်ကြွင်း၏ အနံ့အသက်ကလေးများကိုတော့ လေရူးသည် ပြတင်းပေါက်ဝတွင် ထားပစ်ခဲ့၏။

mgyoe.com

mgyoe.com SAMPLE BOOK


အန္တေးထည် ဝတ်ဆင်ထားခြင်း မရှိသည့်အတွက် ကျော့ထဲတွင် စိမ့်သလိုလိုရှိသော်လည်း ဦးသန်းတင့်သည် သူ၏ ရပ်မြဲရပ်နေရာတွင် ရပ်နေ၏။ သူ ငေးမောကြည့်ရှုနေသော ကန်ရေပြင်ကိုလည်း ငေးမော ကြည့်ရှုမြဲ ကြည့်ရှု၍နေ၏။

ကန်ရေပြင်တွင် လေရူး၏ ခြေရာကလေးများသည် ခဏငယ်မျှ လောက်သာ ခံ၏။ မကြာမီ လှိုင်းကွက်နှင့် ဂယက်ကလေးများသည် ပြန်လည် ငြိမ်သက်သွားကြ၏။ ထိုအခါ ကန်ရေပြင်သည် ကြည်လင်မြဲ ကြည်လင်ကာ ငြိမ်သက်မြဲ ငြိမ်သက်နေပြန်၏။

ကောင်းကင်ပြင် သန့်ရှင်းကြည်လင်သော ညတစ်ညဖြစ်၍ လမင်းလည်း ထိန်ထိန်သာမြဲ သာလျက်ပင် ရှိလေ၏။

(၂)

ကြည်လင်ငြိမ်သက်နေသော ကန်ရေပြင်ကို မတုန်မလှုပ် ငေးမော ကြည့်ရှုလျက်ရှိရာမှ သက်ပြင်းကို ပင်ပင်ပန်းပန်းချရင်း ဦးသန်းတင့် သည် ဦးခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလျက်ရှိ၏။ ထိုသူသည် မိမိ စဉ်းစားနေသော ပြဿနာကို ရှင်းလင်းပြီးပြတ်သွားအောင် စဉ်းစား ခြင်း မပြုနိုင်သကဲ့သို့ ဖြစ်နေပုံရ၏။ တကယ်ဆိုတော့ တစ်ခါတစ်ခါ စဉ်းစားရသောအလုပ်သည် တောတောင်နှင့် မြစ်ချောင်း အင်းအိုင်များ အကြားတွင် စစ်တိုက်ရသော အလုပ်ထက်ပင် ပင်ပန်းတတ်သည် မဟုတ်သလော။

ထိုသို့ ပင်ပန်းခြင်းနှင့်ယှဉ်သော အလုပ်ကို အိမ်ရှင်သည် ရက်များ မကြာမီကပင် လုပ်ကိုင်ခြင်း ပြုနေခဲ့ရ၏။ ညပေါင်း အတန်ကြာမျှ ဆက်တိုက် စဉ်းစားခြင်း ပြုလာရသောအခါ စဉ်းစားနိုင်အားလည်း တစ်စတစ်စ လျော့ပါးလာပုံရ၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

ယခုညတွင်လည်း စဉ်းစားလက်စဖြစ်သော ပြဿနာကို ရှင်းလင်းပြီးပြတ်သွားအောင် စဉ်းစားခြင်းမပြုနိုင်ဘဲ ရှိနေပြန်သောအခါ ဦးသန်းတင့်သည် ဖွင့်ထားသော ပြတင်းတံခါးကို အသာအယာ ဆွဲပိတ်လိုက်ပြီးနောက် ငွေလမင်း၊ ရေကန်သာနှင့် ရွက်ကြွေတော စသည်တို့ကို ကျောခိုင်းလိုက်၏။ ထို့နောက် လရောင်ကို အားပြုကာ စာရေးစားပွဲရှိရာသို့ တစ်လှမ်းချင်း ပြန်လျှောက်လာ၏။ သူသည် စာရေးစားပွဲဘေးတွင် အတန်ကြာမျှ ငိုင်၍ ရပ်နေပြီးမှ စားပွဲတင် မီးခလုတ်ကို ဖွင့်လိုက်၏။

စောစောက မှောင်နေသော စာကြည့်ခန်းအတွင်း မီးလင်း၍ သွား၏။

စာရေးစားပွဲထက်တွင် အိမ့်ရှင်၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် သက်ဆိုင်သော တရားရုံး အမှုတွဲများနှင့် တရားဥပဒေ စာအုပ်စာတမ်းများဖြင့် ပြည့်ကျပ် ရှုပ်ထွေးလျက်ရှိ၏။ သို့ရာတွင် ဦးသန်းတင့်သည် သူ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်ကိစ္စများကို ကိုင်တွယ်ကြည့်ရှုရန် စိတ်မဝင်စားနိုင်သေးဘဲ စာရေးစားပွဲရှိ ကုလားထိုင်တွင် ထိုင်ချလိုက်၏။ ထို့နောက် ပြာခွက်အတွင်းရှိ ဆေးပြင်းလိပ်အတိုကို မီးညှိကာ ဖွာ၏။

ဦးသန်းတင့်သည် တရားဥပဒေ လောကတစ်လွှားတွင် များစွာ ကျော်စော အောင်မြင်နေသော ဥပဒေသမားတစ်ဦးဖြစ်၏။ အမှုသည်များ၏ ယုံကြည်ကိုးစားခြင်း ခံရသကဲ့သို့ တရားမင်းများ၏ ရိုသေလေးစားခြင်းကိုပါ ကောင်းစွာ ရရှိထားသူတစ်ဦးလည်းဖြစ်၏။ သူသည် တရားဥပဒေလုပ်ငန်းတွင် နှံ့စပ်ထက်မြက်ခြင်း ရှိရုံမျှသာမက အလုပ်တာဝန်ကို လေးလေးစားစားနှင့် စေ့စေ့စပ်စပ် လုပ်ကိုင်တတ်သူတစ်ဦးပါ ဖြစ်၏။ တရားဥပဒေသမားတစ်ဦးအနေဖြင့် ကျော်စောကိတ္တိ ရှိရုံမျှသာမက အလုပ်တာဝန်ကို ထမ်းဆောင်ရာတွင်လည်း ချောမော အောင်မြင်

mgyoe.com

 mgyoe.com SAMPLE BOOK 

သည်သာ များသောကြောင့် ဝင်ငွေ အလွန်တရာကောင်းသူတစ်ဦးပင် ဖြစ်၏။

သို့ရာတွင် ရက်များ မကြာမီလောက်ကမှ အစပြု၍ကာ သူ၏ အသက်မွေးဝမ်းကျောင်းရေးဆိုင်ရာ လုပ်ငန်းထက် သူ့အဖို့ များစွာ အရေးကြီးသော ပြဿနာကြီးတစ်ရပ် ဖြုန်းစားကြီး ပေါ်ပေါက်လာခဲ့၏။ ထိုပြဿနာများမှာလည်း တော်ရုံသင့်ရုံ အရေးကြီးခြင်းမျိုးမဟုတ်ဘဲ သူ၏ ဘဝကြီး တစ်ခုလုံးနှင့်လည်းကောင်း၊ သူ၏ အိမ်ထောင်ကြီး တစ်ခုလုံးနှင့်လည်းကောင်း၊ အရေးတကြီး နှောင်ဖွဲ့ ဆက်စပ်၍နေသော ပြဿနာဖြစ်၏။ လူတစ်ဦးတစ်ယောက်အဖို့ သူ၏ ဘဝနှင့်လည်းကောင်း၊ အိမ်ထောင်နှင့်လည်းကောင်း စပ်ဆိုင်သော ပြဿနာထက် အရေးကြီး သော အခြားပြဿနာ ရှိနိုင်သေးသလော။

-အတ္တစွဲနှင့် လွတ်ကျွတ် ကင်းစင်နိုင်သေးသူ တစ်ဦးတစ်ယောက် မဟုတ်ရကား ဝတ်လုံတော်ရ ဦးသန်းတင့်သည် သူ့ဘဝ၊ သူ့မိသားစု၊ သူ့အကျိုးစီးပွား စသည်တို့နှင့် အရေးတကြီး နှောင်ဖွဲ့ ဆက်စပ်၍နေ သော ထိုပြဿနာကို ဦးခေါင်းအေးအေးထား၍ ယထာဘူတကျကျ စဉ်းစားနိုင်ရန် ကြိုးစားခြင်းပြုရ၏။ တကယ်ဆိုတော့ လူသည် အတ္တစွဲ ကဲလွန်းအားကြီးသော သတ္တဝါ အမျိုးအစားဖြစ်သည် မဟုတ်သလော။ နေအောက်ရှိ ခပ်သိမ်းကုန်သော အရာဝတ္ထုနှင့် အဖြစ်အပျက် စသည်တို့ ကိုလည်း အတ္တစွဲဖြင့်လည်းကောင်း၊ အတ္တအကျိုးစီးပွားနှင့်သာ ယှဉ်၍ လည်းကောင်း ရှုမြင်စဉ်းစားတတ်သည်သာ ဖြစ်သည် မဟုတ်သလော။

ဦးသန်းတင့်သည် ယခုအခါ ကျောင်းသား လူငယ်တစ်ဦးသော်လည်းကောင်း၊ ကျောင်းထွက်ခါစ အလုပ်သင်တစ်ဦးသော်လည်းကောင်း မဟုတ်တော့။ လူကြီးလူကောင်းတစ်ဦး၊ လူ့ကုံထံတစ်ဦးအနေနှင့် လူ များစုကြီး၏ အသိအမှတ်ပြု နေရာအပေးခံရသော ပုဂ္ဂိုလ်ကြီးတစ်ဦး

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖြစ်၏။ ထို့ကြောင့် သူသည် သံတိဝိရိယနှင့် နေထိုင်ခြင်းပြုရ၏။ တစ်စုံ တစ်ခု လုပ်စရာ ကိုင်စရာ ရှိလာသော အခါများတွင်လည်း စဉ်းစဉ်းစား စားနှင့် ချင့်ချင့်ချိန်ချိန် လုပ်ရကိုင်ရသူတစ်ဦးပါဖြစ်၏။ တာဝန်များစွာ မရှိလှသေးသော လူငယ်တစ်ဦး၊ အလုပ်သင်တစ်ဦးကဲ့သို့ စိတ်ထင်ရာ စွတ်ရွတ်လုပ်ကိုင်၍ မဖြစ်ပေ။

မိမိနှင့် မိမိ၏ ပတ်ဝန်းကျင်တို့၏ အနေအထား အဆက်အစပ်ကို, မှန်မှန်ကန်ကန်နှင့် စေ့စေ့စပ်စပ် မတွက်ချက် မစဉ်းစားဘဲ အတ္တစွဲတစ်ခု တည်းနှင့် မိုက်မိုက်ကန်းကန်း ပြုလုပ်ခဲ့မိသော အမှား၏ ဒဏ်ကို တစ်ရံ ရောအခါက သူသည် ခါးခါးသီးသီး ခံခဲ့ရဖူးပြီ။ ထိုအခါးသည် တော် တော်ခါးသော အခါးဖြစ်၏။ ဘူးခါးသီးထက်လည်း ခါး၏။ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီဖြစ်သည့်တိုင်အောင် ထိုအခါးဒဏ်သည် မပြေသေး၊ ခါးဆဲဖြစ်၏။

ခံမှန်ဖူးသော စာသူငယ်ဆိုသော မြန်မာ့ဩဝါဒ စကားတစ်ခွန်း ရှိ၏။ မွေးရာပါအသိမျှဖြင့် ကမ္ဘာလောကကြီးကို ရင်ဆိုင်ကြရသော ငယ်ကလေးများသည်ပင် တစ်ကြိမ်ခံရဖူးလျှင် အသိအလိမ္မာတရား နှင့် အမှတ်သညာများ ရှိတတ်ကြသည် မဟုတ်သလော။

ဦးသန်းတင့်သည် ဝိဇ္ဇာဘွဲ့ နှစ်ဘွဲ့မျှ ရရှိခဲ့သော လူတစ်ယောက် ဖြစ်၏။ လူတို့၏ ကျင့်ဝတ်ဆိုင်ရာ အမှန်နှင့်အမှား တရားမျှတမှု ရှိ၊ မရှိဆိုသော အစီအရင် အဆုံးအဖြတ်များ ချမှတ်ခြင်းပြုရာ တရားဥပဒေ စင်မြင့်ပေါ်တွင် ၁၄–၅ နှစ်ခန့် လူတတ် လူလိမ္မာကြီးတစ်ယောက် လုပ် ကိုင်ခဲ့သူတစ်ဦးလည်း ဖြစ်၏။ ဘဝလမ်းခရီးတွင် လမ်းခွဲအရွေး လွဲသွား လျှင် အဘယ်အထိ ကသောင်းကနင်းနှင့် ကမောက်ကမ ဖြစ်တတ်သည် ဆိုသော ကိစ္စကို ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့၊ ကြုံခဲ့ဖူးသူတစ်ယောက် ဖြစ်သည် မဟုတ်သလော။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဤကမ္ဘာလောကကြီးသည် အငယ်၊ အလတ်နှင့် အကြီး အစရှိသော အဖြစ်အပျက် အမျိုးမျိုး အစားစားဖြင့် နှောင်ဖွဲ့၍ထားသော အရပ်ရပ် အဖြစ်အပျက်များ၏ အပေါင်းအစုဟု ဆိုကြ၏။ ခပ်သိမ်းကုန်သော အဖြစ်အပျက်များသည် တစ်ခုသော ပဋိပက္ခမဟုတ်လျှင် အခြားတစ်ခုသော ပဋိပက္ခပေါ်တွင် အခြေခံကျရရိုး ဖြစ်သည်မဟုတ်သလော။ ပဋိပက္ခနှင့်ကင်းသော အဖြစ်အပျက် အဘယ်မှာ ရှိသေးသနည်း။

တရားဥပဒေသမားကြီး ဦးသန်းတင့် ရင်ဆိုင်ခြင်းပြုနေရသော ပြဿနာ သို့မဟုတ် အဖြစ်အပျက်တွင် ပဋိပက္ခသည် တစ်ခုတည်းသာ ရှိသည်မဟုတ်။ မြားမြောင် ထွေပြားခြင်းရှိ၏။ သို့ရာတွင် ယင်းပဋိပက္ခများသည် တစ်ခုနှင့်တစ်ခု သီးခြားကင်းလွတ်ကာ ရှိနေ၊ ဖြစ်နေကြသော ပဋိပက္ခများမဟုတ်။ တစ်ခုနှင့်တစ်ခု အထောက်အပံ့ပြုကာ ဆက်စပ်မှီခိုကာ လုံးထွေးနှောင်ဖွဲ့လျက် ရှိနေကြ၏။ ဘက်နှစ်ဖက်မျှသာရှိသော ပဋိပက္ခတစ်ရပ်ကို စဉ်းစားခြင်းပြုရသော အလုပ်ထက် ဘက်ပေါင်းများစွာဖြင့် နှောင်ဖွဲ့ဆက်စပ်လျက်ရှိသော ပဋိပက္ခအပေါင်းအစုကို စဉ်းစားရသောအမှုသည် ပို၍ ခက်ခဲပင်ပန်း၏။ သို့ရာတွင် ယင်းပဋိပက္ခအပေါင်းအစုတွင် အဓိကအကျဆုံး ပဋိပက္ခကို ရှေးဦးစွာ စဉ်းစားရွေးချယ်နိုင်ဖို့အရေးသည် အရေးအကြီးဆုံးပင်ဖြစ်၏။ ထိုအဓိကပဋိပက္ခကို ဆုပ်ကိုင်မိလျှင် ကျန်သော ပဋိပက္ခများကို ဘယ်သင်းပထမ၊ ဘယ်သင်းက ဒုတိယ၊ ဘယ်ဟာက တတိယ စသည်ဖြင့် တန်းစီ၍ မရနိုင်သလော။ မိမိ၏ အဓိကရန်သူ သို့မဟုတ် ရှေးဦးစွာ ဖြေရှင်းရမည့် အဓိက ပဋိပက္ခကို ဆုပ်ကိုင်နိုင်လျှင် စစ်ပွဲတစ်ဝက် အောင်နိုင်ပြီဖြစ်သည် မဟုတ်သလော။

ဦးသန်းတင့်သည် ၎င်းရင်ဆိုင်နေရသော ပဋိပက္ခ အပေါင်းအစုတွင် အဓိကပဋိပက္ခကို စဉ်းစားတွက်ချက်နေရသူတစ်ဦးဖြစ်၏။ သူ

mgyoe.com

mgyoe.com SAMPLE BOOK

သည် အစဉ်းစား အတွက်ချက် မှားယွင်း၍မဖြစ်၊ အတိမ်းအစောင်းခံ၍လည်း မရ။ ထို့ကြောင့် ရက်အတန်ကြာမျှ ညညဘက်များတွင် ထိုကိစ္စဖြင့် နပန်းလုံးနေရခြင်းဖြစ်၏။ စဉ်းစားရသော အလုပ်အကိုင်သည် တစ်ခါတစ်ခါတော့လည်း တောတောင်နှင့် မြစ်ချောင်းအင်းအိုင်များအကြားတွင် စစ်တိုက်ရသော အလုပ်ထက် ပင်ပန်းတတ်သည်ဟု ဆိုခဲ့ခြင်းဖြစ်၏။

## (၃)

ဆေးပြင်းလိပ်ကို မီးခိုးများ တထောင်းထောင်းထအောင် ဖွာရင်း သူ၏ အသက်မွေးဝမ်းကျောင်းရေးဆိုင်ရာ လုပ်ငန်းနှင့် ပတ်သက်၍ အရေးတကြီး ရှင်းလင်းလုပ်ကိုင်စရာရှိသော ရုံးအမှုဖိုင်တွဲများကို လှန်လှောကြည့်ရှုနေခိုက် တစ်စုံတစ်ယောက်သည် သူ၏ စာကြည့်ခန်းတံခါးသို့ လာ၍ရပ်ကာ သူ့ကို ကြည့်ရှုနေမှန်း ဦးသန်းတင့်သည် သတိထားမိလိုက်၏။ ထိုသို့ အချိန်မဟုတ် အခါမဟုတ် သူ့စာကြည့်ခန်း တံခါးဝတွင် ရပ်လာသူကို စောင်းငဲ့၍မျှပင် ကြည့်ရှုခြင်းမပြုဘဲနှင့် ဘယ်သူဘယ်ဝါမှန်း အိမ့်ရှင်သည် ကြိုတင်သိရှိထားပြီး ဖြစ်ဟန်တူ၏။ ထို့ကြောင့် အမှုဖိုင်တွဲတစ်ခုကို လှန်လှောကြည့်ရှုနေရာမှ "ဒါ မစု တစ်ရေးနိုးလာပြီပေါ့လေ၊ ဟုတ်လား" ဟု လှမ်း၍ ပြောဆိုလိုက်၏။

မစုဟု အခေါ်ခံရသော မိန်းကလေးသည် အသက် ၁၄ နှစ်သာသာ ၁၅ နှစ်ခန့်အရွယ်ဖြစ်၏။ မိန်းကလေးသည် ပိန်ပိန်ပါးပါးနှင့် နွဲ့နွဲ့နှောင်းနှောင်းထဲကဖြစ်၏။ ဆံပင်ကို ဖားလျားချကာ ညဝတ်အင်္ကျီရှည်ကို ဝတ်ဆင်ထား၏။

မစုသည် ဘာမျှ ပြန်လည်ပြောဆိုခြင်း မပြုသေးဘဲ ရှေးဦးစွာ ဦးသန်းတင့်၏ စာကြည့်ခန်းအတွင်းသို့ ဝင်လာကာ စာရေးစားပွဲရှေ့တွင်

mgyoe.com

mgyoe.com

SAMPLE BOOK


ရပ်လိုက်၏။

သူ၏ စာရေးစားပွဲရှေ့တွင် ခပ်တည်တည်နှင့် ရပ်နေသော ထို မိန်းကလေးတစ်ယောက်ကို ဝေ့လည်ကြောင်ပတ်လုပ်၍ မရနိုင်ကြောင်း ကောင်းစွာ သိရှိနားလည်ထားပြီး ဖြစ်ပုံရသော ဦးသန်းတင့်သည် ပါးစပ် တွင် ခဲထားသော သူ၏ ဆေးပြင်းလိပ်တိုကို ပြာခွက်ထဲသို့ ပြန်ချထား လိုက်ပြီးနောက် ထိုင်ရာမှ ခပ်သွက်သွက်ကလေးပင် ထလိုက်၏။ ထို့နောက် မီးခလုတ်ကို ပိတ်ရင်း "ဖေဖေလည်း ခုပဲ အိပ်ရာဝင်တော့ မလို့ပါ မစုရဲ့" ဟု ပြောဆိုလိုက်၏။

"မစုကဖြင့် ဘာမှ မပြောရ၊ မဆိုရသေးဘူး၊ ဖေဖေ့မှာတော့ ဆင်ခြေဆင်လက်တွေ တစ်ပုံတစ်ခေါင်းကြီး ထုတ်နေရပါပကောလား"။ သူ၏ အသက်အရွယ်နှင့်မလိုက်သော စကားကို မစုက ရောမ မိန်းမကြီး တစ်ယောက်နှင့်မခြား မြည်တွန် ပြောဆိုလိုက်သောအခါ ဖအေလုပ်သူ သည် သမီးဖြစ်သူကို နောက်ထပ် ဘာတစ်ခွန်းတစ်ပါဒမျှ ပြန်လှန်ပြော ဆိုခြင်း မပြုတော့ချေ။ စာကြည့်ခန်းအတွင်းမှ ခပ်သုတ်သုတ် ထွက်၍ သွား၏။

ဥပဒေသမားကြီးတစ်ဦး ဖြစ်စေကာမူလည်း နောက်ထပ်၍ စော ဒကတက်ရန် အချက်အလက်များကို စဉ်းစားကြံဆခြင်း မပြုတော့ဘဲ သမီးလုပ်သူ၏ နောက်ထပ် မြည်တွန်တောက်တီးခြင်း ခံရမည့်အရေးကို များစွာ ကြောက်ရွံ့ဟန်တူ၍ စာကြည့်ခန်းအတွင်းမှ ခပ်သုတ်သုတ် ထွက်သွားသော ဖခင်ဖြစ်သူကို လှမ်းကြည့်ရင်း မစုသည် သက်ပြင်းချ လိုက်၏။ တကယ်ဆိုတော့ အမျိုးသမီးများသည် ကြီးသည် ငယ်သည် မဟူ သူတို့ထက် ငယ်ရွယ်နုနယ်သော မောင်များ၊ သားများကိုသာမက သူတို့ထက် အိုမင်းကြီးရင့်သော အစ်ကို၊ လင်နှင့် ဖအေဖြစ်သူများကိုပင် သူတို့ကိုယ်သူတို့ မိခင်အလား သဘောထား ဆက်ဆံတတ်ကြသည်

mgyoe.com

mgyoe.com SAMPLE BOOK


မဟုတ်သလော။ ကြင်နာရမည့်ကိစ္စတွင် မိခင်ကဲ့သို့ ကြင်နာတတ်ခြင်း ရှိသကဲ့သို့ တင်းကျပ်ရန် လိုအပ်လာသော အချိန်နာရီများတွင် မိခင်ကဲ့သို့ တင်းကျပ်တတ်ကြ၏။

မစုသည် နုနယ်ငယ်ရွယ်သော ကျောင်းသူ မိန်းကလေးတစ်ဦး တစ်ယောက်မျှသာ ဖြစ်၏။ သို့ရာတွင် အိမ့်ရှင်မ မရှိသော ပန်းဟောဝန် တွင် ထိုမိန်းကလေးသည် အိမ့်ရှင်မကြီး ဖြစ်နေ၏။ ဧရာမ မိန်းမကြီး တစ်ယောက်အလား ဖြစ်လာ၏။ သူ့ ဗိုလ်လုပ် အုပ်ချုပ်နေသော ပန်း ဟောဝန်တွင် သူ၏စည်းကမ်းဥပဒေနှင့် အမိန့်သြဇာကို အဘယ်သူ ဖီလာ ကန့်လန့် လုပ်ဝံ့သနည်း။ ထိုအိမ့်ရှင်မိန်းမကြီးသည် ကြည့်နေလိမ့်မည် မဟုတ်။ အိမ်ဦးနတ်ဖြစ်သော သူ၏ ဖခင်ကိုပင် ထိုမိန်းကလေးသည် လွတ်ငြိမ်းချမ်းသာခွင့် မပေးတတ်။ တိတိကျကျနှင့် တင်းတင်းကျပ်ကျပ် အရေးယူ ကိုင်တွယ်တတ်၏။ ပန်းဟောဝန်၏ အကြီးအကဲ ဖြစ်သူကိုယ် တိုင် ထိုမိန်းကလေးနှင့် ပတ်သက်လာလျှင် ဦးခေါင်းတစမ်းစမ်း လုပ်နေရ သောအခါ ကျန်အိမ်သူအိမ်သားများနှင့် အိမ်ဖော်များအတွက် အဘယ် ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်း။

သူ့ဖခင် ထွက်သွားပြီးနောက် မကြာမီ မစုသည် စာကြည့်ခန်း အတွင်းမှ ပြန်ထွက်၍လာ၏။ သို့ရာတွင် ပန်းဟောဝန်၏ သခင်မကြီး သည် သူ့အိပ်ခန်းသို့ တန်းတန်းမတ်မတ် မပြန်သေး။ ဘူ့ဖခင်၏ အိပ်ခန်းဘက်သို့ လျှောက်လာခဲ့ပြီးနောက် စေ့၍ထားသော တံခါးဝတွင် ရပ်ကာ အိမ်ဦးနတ်၏ အခြေအနေကို လှမ်း၍ ကြည့်ရှုနေပြန်၏။

သူ့သမီး အိမ့်ရှင်မကြီး၏ အထာနှင့် အချိုးကို ကောင်းစွာ သိရှိ နားလည်ထားပုံရသော ဦးသန်းတင့်သည် သူ့ခုတင်ထက်သို့ တက်၍ အသာပုနေ၏။ တုပ်တုပ်ကလေးမျှ မလှုပ်၊ အသက်ကိုပင် အောင့်ထား သလား မပြောနိုင်ပေ။ ငြိမ်ချက်သား ကောင်းလှ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အမိန့်သြဇာအတိုင်း အိပ်ရာထက်တွင် ငြိမ်၍ ပုနေရှာသော အိမ့်ရှင် ထိုလူကြီးကို ကောင်းစွာ ကျေနပ်ခြင်း ရှိပုံမရသော မစုသည် စေ့ထားသော တံခါးကိုဆွဲဖွင့်ကာ အခန်းအတွင်းသို့ ဝင်လိုက်သွားပြန်၏။ ထို့နောက် သူ့ဖခင် ခုတင်ဘေးတွင် ခါးထောက်၍ရပ်ကာ "စောင်မခြုံဘဲ အိပ်ပျော်သွားလို့ အအေးမိနေပါဦးမယ် ဖေဖေ" ဟု သြဇာပေးနေပြန်၏။

"အိုက်နေသေးလို့ပါ မစုရယ်၊ တော်တော်ကြာတော့ ဖေဖေ ခြုံပါ့မယ်" ဟု ဦးသန်းတင့်က ပြန်လည်ထုချေ၏။

ထိုလူကြီး၏ ထုချေလွှာကို အိမ်ရှင်မကြီးက လက်မခံချေ။ "အိုက်နေသေးရင်လည်း စောင်ပါးကလေးတော့ လိုရမည်ရ ခြုံထားမှပေါ့ ဖေဖေ၊ စောင်မခြုံမိဘဲ အိပ်ပျော်ပျော်သွားတတ်လို့ ဖေဖေ အအေးမိပေါင်း ဘယ်လောက်များပြီလဲ" ဟု ပါးစပ်မှပြောရင်း မစုသည် သူ့ဖခင် ခုတင်ခြေရင်းတွင် အဆင်သင့်ခေါက်ထားသော စောင်ပါးကလေးကို ယူကာ သူကိုယ်တိုင် ခြုံ၍ပေး၏။ ယင်းသို့ ဖခင်လုပ်သူကို စောင့်ခြုံပေးရုံသာမက ခြင်ထောင်ပါ ချထားပေးခဲ့ပြီးမှ မစုသည် အခန်းအတွင်းမှ ပြန်ထွက်လာခဲ့၏။

သူ့ဖခင် အိပ်ခန်းအတွင်းမှ ထွက်လာခဲ့ပြီးနောက် မစုသည် သူ့အိပ်ခန်းသို့ တစ်ခါတည်း မပြန်သေးဘဲ သူနှင့် သူ့ဖခင် အိပ်ခန်းများ အကြားတွင်ရှိသော သူ့မောင်ငယ်ဖြစ်သူ ကိုတူး၏ အခန်းတံခါးဝတွင် တစ်ထောင့်တစ်နား ရပ်လိုက်ပြန်၏။ ထို့နောက် သူ့ခုတင်ထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ကိုတူး၏ အရိပ်အခြည်ကို အကဲခတ် ကြည့်ရှုနေ၏။

ကိုတူးသည် မစုထက် သုံးနှစ်ခန့်ငယ်၏။ သူ့အစ်မကဲ့သို့ ပိန်ပိန်ပါးပါးနှင့် ခပ်နွဲ့နွဲ့ထဲကပင်ဖြစ်၏။ သို့ရာတွင် ထိုသူငယ်သည် ပန်းနာ

mgyoe.com

mgyoe.com SAMPLE BOOK

ရင်ကျပ်ရောဂါ စွဲကပ်နေသော ရောဂါသည်ကလေးဖြစ်၏။

မစုသည် ကိုတူး အခန်းအတွင်းသို့ ဝင်ပြန်၏။ ထို့နောက် ခြုံထားသော စောင်နှင့်လူ တခြားစီဖြစ်နေသော ကိုတူးကို စောင်လုံအောင် ခြုံပေးရင်း "တော်တော် အအိပ်ကြမ်းတဲ့သူငယ်" ဟု ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး မြည်တွန်ဖြစ်အောင် မြည်တွန်လိုက်သေး၏။ သို့ရာတွင် သူ့အစ်မ၏ အဆူအပူ ခံရသော ကိုတူးတစ်ယောက်ကတော့ ဘာမျှမသိ၊ တရှူးရှူးနှင့် အိပ်မောကျမြဲ ကျနေ၏။

ယင်းသို့ တစ်ရေးအနိုးတွင် ဖအေနှင့် မောင်လုပ်သူများအား ဩဇာပေးစရာ ရှိသည်တို့ကို ဩဇာပေးကာ လုပ်ကိုင်ပေးစရာရှိသည်များကို လုပ်ကိုင်ပေးပြီးနောက် အိမ့်ရှင်မကြီး မစုသည် သူ၏ အိပ်ခန်းသို့ ရှောရှောရှူရှူ ပြန်ဝင်၍သွား၏။ ယင်းသို့ အထီးများဖြစ်ကြသော ဖအေနှင့် မောင်လုပ်သူအတွက် အိမ့်ရှင်မကြီး တစ်ဦးတစ်ယောက်အနေနှင့် သူလုပ်ကိုင် ထမ်းဆောင်ပေးရန်ရှိသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ပေးပြီးနောက် သူ့အိပ်ရာထက်သို့ တက်၏။ ထို့နောက် ခေါင်းအုံးထက်သို့ သူ၏ဦးခေါင်းကို ချလိုက်သည်နှင့် မရှေးမနှောင်းပင် အိမ့်ရှင်မကြီး မစုသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ သွားလေ၏။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ညတစ်ည၏ သံသရာ

## (၁)

သူ့အိပ်ခန်းအတွင်းမှ မစု ပြန်ထွက်သွားပြီးနောက် ဦးသန်းတင့်သည် တော်တော်နှင့် မလှုပ်ရဲပေ၊ ပုနေရ၏။ တော်တော်ကြီးကြာတော့မှ ပုနေရသော အိပ်ရာထက်တွင် အနည်းငယ် လူးရဲလွန့်ရဲရှိလာ၏။ သို့ရာတွင် ဝင့်ဆင်းရဲလို ခံနေရသော အိပ်ရာထက်မှတော့ တော်တော်နှင့် မဆင်းဝံ့သေးပေ။ အိပ်ခန်းအပြင်မှ ထိုမိန်းကလေးတစ်ယောက် သူ့ကို ချောင်းနေလိမ့်ဦးမည်လားဟု အရိပ်အကဲ ဖမ်းနေရ၏။ သူသည် တစ်ကြိမ်မက နှစ်ကြိမ်၊ သုံးကြိမ်မျှအထိ ခံခဲ့ရဖူးပြီဖြစ်သည် မဟုတ်သလော။ ထိုမိန်းကလေး ချောင်းဖမ်း၍ အထိခံရသောအခါများတိုင်း မြည်တွန်တောက်တီးခြင်း ခံခဲ့ရဖူးပြီဖြစ်သည် မဟုတ်သလော။

"ဖေဖေတစ်ယောက်ဟာ ကိုတူးထက် အပြောခက်ပါကလား" ဟု သူ့သမီးက မြည်တွန်ပြောဆိုသောအခါများတွင် ကိုယ့်အပြစ်နှင့်ကိုယ်ဖြစ်သော ဦးသန်းတင့်သည် ငြိမ်ခံခဲ့ရပေါင်းလည်း များလှပြီ။ ဘယ်လိုအရေးကြီးသော့ အလုပ်ပဲရှိရှိ၊ ဘယ်လောက်ပဲ အလုပ်များများ ၁၂ နာရီထက် နောက်မကျဘဲ အိပ်ရာဝင်ရမည်ဟု မစုက သူ့ဖခင်ကို စည်းကမ်းပေးထား၏။ အဘယ်ယောက်ျားများသည် သူတို့၏ အိမ်ရှင်မ

mgyoe.com

mgyoe.com SAMPLE BOOK


များစည်းကမ်းကို ချိုးဖောက်ဝံ့ကြသနည်း။ စည်းကမ်းဖောက်မိလျှင် နားအပူခံရမည်ဖြစ်သည် မဟုတ်သလော။

တကယ်ဆိုတော့ မစုဆိုသော မိန်းကလေးသည် သူ့သမီးမျှသာ မဟုတ်ပေ။ သူ့ဘဝတွင် မရတတ်ခဲ့သော သူ၏ အစ်မကြီးအရာကိုရော၊ သူ့ကို ကလေးသူငယ်ဘဝ အရွယ်တုန်းကတည်းက ရက်ရက်စက်စက် စွန့်ထား ထွက်ပြေးသွားခဲ့သော သူ၏ မိခင်နေရာများလောက်သာ မဟုတ်ဘဲ သူ၏ အချစ်ဆုံးနှင့် အရင်းအချာဆုံးဖြစ်သော ဘွားအေလုပ် သူ၏ နေရာများကိုပါ သိမ်းကျုံးကန်ထရိုက်ဆွဲထားသော အမျိုးသမီး တစ်ဦးပါဖြစ်သည်။ မစုသည် ဖအေလုပ်သူတစ်ယောက်လုံးကိုပင် သူ့ ကိုယ်သူ အစ်မကြီးနှင့် မအေကြီးလို သဘောထားကာ၊ စေတနာထားကာ ဆက်ဆံအုပ်ချုပ်တတ်၏။ တစ်ခါတစ်ခါတွင်လည်း ဘွားအေကြီးလို သဘောထားကာ ဩဇာပေးလား ပေးတတ်၏။ ဦးသန်းတင့် ရုံးသို့ ဝတ်ဆင်သွားရမည့် အဝတ်အစားများကို နေ့စဉ်နှင့်အမျှ ရွေးချယ်ပေးရ သောအလုပ်ကနေ တစ်လတစ်ကြိမ် ဝမ်းနုတ်ဆေး မှန်မှန်အစားခိုင်း သော အလုပ်အထိ ထိုမိန်းကလေး လုပ်တတ်၏။ ယင်းသို့ အိမ်ဦးနတ် ဖြစ်သော ဖအေလုပ်သူတစ်ယောက်လုံးကို ထိုမျှ အုပ်ချုပ်ခြင်းပြုနေသော အခါ သူ့အောက် မောင်ငယ်ဖြစ်သော ကိုတူးနှင့် အခြားအိမ်ဖော် အိမ်သူ အိမ်သားများနှင့် ပတ်သက်၍မူ အဘယ်ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။

ကိုတူးသည် သူ့အစ်မ မစုကို များစွာ ရိုသေကြောက်ရွံ့ရ၏။ သူ့အမေသာရှိလျှင် အမေကိုပင် ထိုကဲ့သို့ ရွံ့ကြောက် ရိုသေချင်မှ ရိုသေ ပေလိမ့်မည်။ သို့ရာတွင် မစုသည် သူ့မောင်ကို အလွန်တရာ ချစ်ခင်၏။ ထို့ကြောင့် ကိုတူးကို ဘာမျှ အလိုမလိုက်ဘဲ စည်းစနစ်နှင့် တင်းတင်း ကျပ်ကျပ် အုပ်ချုပ် ထိန်းကျောင်းခြင်းပြု၏။ သူ့မောင်ကို သူကိုယ်တိုင် ရေမိုးချိုးရင်း ကြေးတွန်းပေးတတ်၏။ အဝတ်အစားလဲပေးကာ ခေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ဖြီးပေးတတ်၏။ သို့ရာတွင် သူ့စည်းကမ်းကိုတော့ အထိအပါး မခံတတ်။ ဗိုက်ခေါက်ဆွဲလိမ်တတ်၏။ အသံမထွက်နှင့်ဆိုလျှင် ကိုတူး သည် အငိုတိတ်ရ၏။

သူ့အစ်မ၏ စည်းကမ်းတင်းကျပ်မှုကို မခံနိုင်အောင် ဖြစ်လာသောအခါများတွင် ကိုတူးသည် သူ့အစ်မ မသိရအောင် သူ့ဖခင်၏ စာကြည့်ခန်းအတွင်းသို့ ဝင်တတ်၏။ သူ့ဖခင်ကို အကျိုးအကြောင်း ရှင်းလင်းပြောကြားကာ စစ်ကူတောင်း၏။ သူ့ကိုယ်နှိုက်က ထိုမိန်းမကြီးကို ခန့်ညား ကြောက်ရွံ့နေရသူဖြစ်ရကား သားဖြစ်သူ တောင်းခံလာသော အကူအညီကို ဦးသန်းတင့်သည် မပေးနိုင်၊ မကမ်းနိုင်ဘဲ ရှိတတ်၏။ ထို့ကြောင့် သူ့အစ်မ မစုစကားကို နားထောင်ဖို့လောက် ချော့မော့ပြောဆိုရင်း ကိုတူးကို နှစ်သိမ့်ခြင်းပြုရ၏။ ယင်းသို့ တစ်ကြိမ်ကနှစ်ကြိမ် သူ့ဖခင်ထံ စစ်ကူတောင်း၍ ဘာမျှအရာမရောက်မှန်း သိရှိလာရသောအခါ ကိုတူးသည် ထိုအလုပ်ကို သူ့အသိဖြင့်သူ ရပ်ဆိုင်းခြင်း ပြုလိုက်၏။ သူ့အစ်မထားသော စည်းကမ်းကို တိတိကျကျ လိုက်နာနိုင်အောင်သာ ကြိုးစားရတော့၏။

ပန်းဟောဝန်တွင် မီးဖိုချောင်နှင့် ဘုရားစင်ကိစ္စများမှစ၍ အိမ်ကြီးတစ်ခုလုံး၏ အရပ်ရပ် ဝေယျာဝစ္စများကို တာဝန်ယူထမ်းဆောင်ကြရသော ဦးတင်၊ ဒေါ်ရင်တို့လင်မယား၊ မော်တော်ကားမောင်းသူ ဦးဘခင်နှင့် ခြံဝင်းကို ပြုစုစောင့်ကြပ်ရသော မာလီကုလားအပွနားတို့ ရှိကြ၏။ ထိုအိမ်ဖော်များအားလုံးပင် ပန်းဟောဝန်၏ အိမ်ဦးနတ်ဖြစ်သော ဦးသန်းတင့်ထက် မစုကိုသာ ဦးစားပေး အလေးထားကြရ၏။ ရွံ့ကြောက်ရိုသေကြရ၏။ ကျောင်းသူမိန်းကလေးတစ်ယောက်ဆိုကာ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေါ့ပေါ့ဆဆ သဘောထားဆက်ဆံခြင်း မပြုဝံ့ကြ။ အားလုံးက သူ့အဖေခေါ်သလို မစုဟု ရိုရိုသေသေ ခေါ်ဝေါ်ကြ၏။

mgyoe.com

mgyoe.com


ဦးတင့်၊ ဒေါ်ရင်တို့ လင်မယားသည် နောက်တစ်နေ့ ချက်ပြုတ်ရမည့် ဟင်းကျွေးကအစ ဘုရားပန်းထိုးရမည့် ပန်းအမျိုးအစားအထိ မစုထံတွင် အမိန့်တောင်းခံကြရ၏။ မော်တော်ကား ဒရိုင်ဘာ ဦးဘခင်သည်လည်း မော်တော်ကားနှင့်ပတ်သက်သော အရပ်ရပ် ကုန်ကျစရိတ်နှင့် ပြဿနာများကို ဦးသန်းတင့်ထံ တင်ပြရှင်းလင်းခြင်း မပြုရ၊ မစုထံ တင်ပြရ၏။ မစုထံတွင် ဓာတ်ဆီဖိုးကအစ ဘရိတ်ဆီဖိုးများပါ လက်ဖြန့်ခံရ၏။ မာလီကုလား အပွနားသည် ဦးသန်းတင့်ထက် သူ့သမီး မစုကို ပို၍ ဆလံပေးများ၏။

ဤကဲ့သို့ ပန်းဟောဝန်ကို တကယ့်ဘုရင်မကြီးတစ်ပါးအလား စနစ်တကျနှင့် တင်းတင်းကျပ်ကျပ် အုပ်ချုပ်လျက်ရှိသော သမီးမစုကို ဦးသန်းတင့်သည် ငါ့သမီးကလေးပဲဟု ပေါ့ပေါ့တန်တန်နှင့် မလေးမခန့် မလုပ်ဝံ့ပေ၊ လုပ်၍လည်းမဖြစ်ပေ။ လေးလေးစားစားနှင့် နေရာပေးထားရ၏။ အိမ့်ရှင်မကြီးတစ်ဦးအနေနှင့် အသိအမှတ်ပြုထားရ၏။ အကယ်၍သာ မစုတစ်ယောက် ယခုကဲ့သို့ ပန်းဟောဝန်ကို ချုပ်ကိုင်ခြင်း မပြုနိုင်ခဲ့လျှင် သူတို့သားအဖနှစ်ယောက်သည် ထကားရား ထိုင်ကားရား ဖြစ်နေလိမ့်မည်ဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် မစုတစ်ယောက်ကို ကျေးဇူးပင် တင်နေရ၏။

## (၂)

အလုပ်အကိုင်များကို အိပ်ရာထဲသို့ ယူဆောင်မသွားရဆိုသော သြဝါဒစကားတစ်ခွန်း ရှိ၏။ သူ့သမီးကြီး မစုကို ကြောက်နေရ၍သာ အိပ်ရာထက်သို့ လစ်ပြေးလာခဲ့ရသော်ငြားလည်း ဦးသန်းတင့်တွင် ပြီးပြတ်ခြင်းမရှိသေးသော အလုပ်အကိုင်များရှိ၏။ တစ်ခုသောအလုပ်မှာ သူ၏ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော အလုပ်အကိုင်ဖြစ်၏။ ထိုသို့

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်အကိုင်များ ရှိနေသေးသော လူတစ်ယောက်သည် အဘယ်သို့ အိပ်စက်ရနိုင်ပါမည်နည်း။

ဦးသန်းတင့်သည် အခါတိုင်းကဲ့သို့ပင် သူ့သမီး ပြင်ဆင်ပေးသော ညစာကို ၇ နာရီက စားရ၏။ ထို့နောက် နာရီဝက်သာသာခန့် ခြံထဲတွင် ဆင်း၍ အနားယူ၏။ ၈ နာရီခန့်တွင် စာကြည့်ခန်းအတွင်းသို့ ဝင်၏။ မနက်ဖြန် တရားလွှတ်တော်ချုပ်သို့ တက်ရန်ရှိသော အမှုကိစ္စတစ်ခုအတွက် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ရင်း ၉ နာရီထိုးသွား၏။ ၉ နာရီထိုးလျှင် မစုသည် အိုဗာတင်းတစ်ခွက်ကို သူ့စာကြည့်ခန်းအတွင်းသို့ လာ၍ပို့၏။ သူ့ကို ပွဲပူကလေး အသောက်ခိုင်း၏။ အိုဗာတင်း သောက်ပြီးသွားသောအခါ ညနက်အောင်မနေဘဲ အိပ်ရာ ခပ်စောစော ဝင်ဖို့ သတိပေးစကား ပြောပြီးနောက် မစုသည် ပန်းကန်များ ယူဆောင်ကာ ပြန်ထွက်၍သွား၏။

မစု ပြန်ထွက်သွားသောအခါ သူ၏ ကိုယ်ရေးကိုယ်တာကိစ္စများ ဦးခေါင်းထဲသို့ တန်းစီ၍ ဝင်လာသဖြင့် ဦးသန်းတင့်သည် နောက်ထပ် ကိုင်တွယ်စရာရှိသေးသော ရုံးအလုပ် ဖိုင်တွဲများကို ဘေးသို့ ဖယ်လိုက်ပြီးလျှင် ဆေးပြင်းလိပ်တစ်လိပ် မီးညှိရင်း စိတ်ကျေနပ်လောက်အောင် ဖွာ၏။

ရုံးအလုပ်အကိုင်များ ပိနေသည့်အကြားမှ မနက်ဖြန်တွင် သူ၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် ပတ်သက်၍ ဦးသန်းတင့်တွင် လက်ခံတွေ့ဆုံစရာ ပုဂ္ဂိုလ်နှစ်ဦးမျှ ရှိနေ၏။ ယင်းသို့ လူချင်းတွေ့ဆုံရန် ချိန်းထားသော ပုဂ္ဂိုလ်နှစ်ဦးစလုံးမှာလည်း အမျိုးသမီးကြီးများသာ ဖြစ်ကြ၏။ တစ်ဦးသော အမျိုးသမီးကြီးမှာ ယခင် မင်းကြီးကတော် ဒေါ်မြရွှေဆိုသူဖြစ်၍ ကျန်တစ်ဦးမှာ သူ့သမီး မစုနှင့် သား ကိုတူးတို့ ပညာသင်ကြားလျက်ရှိကြသော နိုင်ငံခြားသာသနာပြုအဖွဲ့ပိုင် အထက်တန်းကျောင်းမှ

mgyoe.com

ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်ဖြစ်၏။ ထိုအမျိုးသမီးကြီး နှစ်ယောက်စလုံးပင် ဦးသန်းတင့်နှင့် အတိတ်ဇာတ်ကြောင်းများ ရှိခဲ့၏။ အလွန်တရာလည်း ရင်းနှီးခင်မင်ကြ၏။

မင်းကြီးကတော် ဒေါ်မြရွှေက မနက်ဖြန် နေ့ခင်းဘက်တွင် သူ၏ ရုံးခန်းသို့ လက်ဖက်ရည်သောက်လာမည်ဟု တယ်လီဖုန်းမှတစ်ဆင့် ချိန်းထား၏။ ဆရာမကြီး ဒေါ်လှယဉ်ကတော့မူ မနက်ဖြန် ညနေပိုင်းတွင် သူနှင့်အတူ ညစာစားသောက်ရန် ဖိတ်ကြားထား၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ခင်မင်ရင်းချာခဲ့ကြသော ထိုအမျိုးသမီးကြီး နှစ်ဦးတို့၏ တောင်းဆိုချက်များကို ဦးသန်းတင့်သည် အဘယ်သို့ ငြင်းဆန်၍ သင့်ပါမည်နည်း။ ခေတ်ပညာတတ်များ၏ ပတ်ဝန်းကျင်တွင် အမျိုးသမီးများ၏ စတင်လက်ကမ်းခြင်းကို အဘယ် လူကြီးလူကောင်းသည် ရိုင်းရိုင်းပျပျ ငြင်းဆန်ရိုး ရှိသနည်း။ သို့ရာတွင် ဦးသန်းတင့်သည် ထိုအမျိုးသမီးကြီးနှစ်ဦးတို့ကို လက်ခံတွေ့ဆုံခြင်း ပြုရန်အတွက် စိတ်ဓာတ်အရ ဘာတစ်ခုမျှ ပြင်ဆင်ခြင်း မပြုရသေးပေ။ မည်ကဲ့သို့ပင်ဖြစ်စေ ထိုအမျိုးသမီးကြီး နှစ်ယောက်တို့ကို အချိန်ပေးရန် သူသည် မလွှဲမရှောင်သာ သဘောတူခဲ့ရပြီးလေပြီ။

မနက်ဖြန် နေ့ခင်း နာရီပြန်တစ်ချက်တီးလောက်တွင် ဒေါ်မြရွှေနှင့် လူချင်းတွေ့ဆုံ စကားပြောဆိုရန်အတွက်လည်းကောင်း၊ ညနေ ၅ နာရီနှင့် ၇ နာရီအကြား ဒေါ်လှယဉ်နှင့်အတူ ညစာစားသောက်ရန် အတွက်လည်းကောင်း ရနိုင်သမျှ အချိန်ကိုလု၍ သူ့ကိုယ်သူ ပြင်ဆင်ခြင်း ပြုရန်မှတစ်ပါး ဦးသန်းတင့်တွင် အခြားနည်းလမ်း မရှိချေ။ အခြားတစ်ဖက်တွင်လည်း သူ့သမီးကြီး မရွှေစု၏ အန္တရာယ်က ရှိသေး၏။ မည်ကဲ့သို့ပင်ဖြစ်စေ အိပ်ရာထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ် စဉ်းစားခြင်း ပြုရသည်ထက် ငွေလရောင်၊ ကန်ရေပြင်နှင့် ပန်းရုံများအကြားတွင်

mgyoe.com

mgyoe.com SAMPLE BOOK

ကျယ်ကျယ်ဝန်းဝန်းနှင့် လွတ်လွတ်လပ်လပ် စဉ်းစားရခြင်းက ပို၍ မကောင်းသလော။ ထို့ကြောင့် သူ့သမီးကြီး မစု၏ စည်းကမ်းကို မလွှဲမရှောင်သာ ချိုးဖောက်ရန်အတွက် တရားဥပဒေသမားကြီး ဦးသန်းတင့်သည် ဆုံးဖြတ်လိုက်ရ၏။

(၃)

သူသည် အတန်ကြာမျှ အရိပ်အခြည်ကို အကဲခတ် လေ့လာပြီးနောက် အိပ်ရာထက်မှ မရဲတရဲနှင့် ဆင်း၏။ ထို့နောက် သိုးမွေးဆွယ်တာကို အသာဝတ်ကာ သူ၏ အိပ်ခန်းအတွင်းမှ ခြေသံမထွက်အောင် ခပ်ဖွဖွကလေး နင်း၍ ထွက်လာခဲ့၏။ တိုက်အောက်ထပ်သို့ မဆင်းမီ လှေကားထိပ်တွင် အတန်ကြာရပ်ကာ မစု၏ အခန်းဘက်သို့ လှမ်း၍ကြည့်၏။ အိမ်ကြီးတစ်လုံးကို ဩဇာပေးရသူဖြစ်၍ ထိုမိန်းကလေးတစ်ယောက်လည်း မောမောပန်းပန်းနှင့် အိပ်မောကျနေလောက်ပြီဖြစ်၏။ ယင်းသို့ မစုအတွက် စိတ်ချရသောအခါ ဦးသန်းတင့်သည် အပေါ်ထပ်မှ အသံမကြားအောင် တဖြည်းဖြည်းချင်း ဆင်းလာခဲ့ပြီးနောက် တိုက်အောက်ထပ်သို့ ရောက်သောအခါ တံခါးမကြီးကို အသာအယာ ဖွင့်လိုက်၏။

အိမ့်အပြင်ဘက်တွင် လမင်းသည် တထိန်ထိန်သာမြဲသာလျက်ရှိ၏။

အိမ်ရှေ့တံခါးမကြီး ပြန့်စေ့ထားခဲ့ပြီးနောက် ဦးသန်းတင့်သည် ရေကန်အစပ်သို့ ခပ်မှန်မှန်ကလေး လျှောက်လာခဲ့၏။ ခြံဝင်းအတွင်း၌ကား ပန်းရနံ့များဖြင့် ထုံသင်းလျက်ရှိ၏။

ကန်အစပ်တွင် ကြီးမားသော စံပယ်ရုံကြီးတစ်ရုံ ရှိ၏။ စံပယ်ပန်းများလည်း ဖူးပွင့်လျက်ရှိကြ၏။ စံပယ်ရုံကြီးဘေးရှိ ခုံတန်းလျားကလေးပေါ်တွင်ထိုင်ရင်း လတ်ဆတ်သောလေကို ဦးသန်းတင့်သည်

mgyoe.com

mgyoe.com SAMPLE BOOK


ဝဝရှုလိုက်၏။ လေကောင်းလေသန့်ကို ဝဝရှုရသဖြင့် သူ၏ ဦးနှောက်သည် များစွာ လန်းဆန်းကြည်လင်သွား၏။ စဉ်းစားခြင်းပြုရသော ဝတ္ထုပြစ္စည်း မကောင်းမွန်ဘဲ အဘယ်သူသည် ကောင်းစွာ စဉ်းစားနိုင်သနည်း။

မင်းကြီးကတော် ဒေါ်မြရွှေသည် မနက်ဖြန် နေ့ခင်းဘက်တွင် သူ့ရုံးခန်းသို့ တကူးတက လက်ဖက်ရည်သောက်ရန် လာခဲ့ဦးမည်ဟု ချိန်းဆိုခြင်း၌ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ရောက်ရှိနေသော ထိုမိန်းမတစ်ယောက်၏ ကိစ္စနှင့်ပတ်သက်၍မှတစ်ပါး အခြားမည်သည့် အကြောင်းမျှ ရှိနိုင်လိမ့်မည်ကား မဟုတ်ပေ။

တစ်ဦးနှင့်တစ်ဦး လူချင်း ကာလအတန်ကြာမျှ အဆက်အဆံ ပြတ်တောက်လျက် ရှိနေခဲ့ကြရာမှ လွန်ခဲ့သော တစ်လသာသာ နှစ်လခန့် လောက်က မင်းကြီးကတော်သည် ပန်းဟောဝန်သို့ ဗြုန်းခနဲ လာရောက်လည်ပတ်သွားခဲ့၏။ အလွန်တရာ စည်းကမ်းစနစ်ရှိလှသော အရာရှိကတော်တစ်ဦး ဖြစ်စေကာမူ သူ ပန်းဟော်ဝန်သို့ ယင်းသို့ လာရောက်လည်ပတ်သည့်ကိစ္စကို ဒေါ်မြရွှေသည် နာရီပိုင်းမျှလောက်သာ ကြို တင်၍ အကြောင်းကြားနိုင်ခဲ့၏။ မည်ကဲ့သို့ပင်ဖြစ်စေ သူ၏ ဘိုးဘွား မိဘနှင့် ယောက္ခမမိဘများ လက်ထက်မှစ၍ လူချင်းများစွာ ခင်မင်ရင်းနှီးလာခဲ့ကြသည်ဖြစ်သောကြောင့် ထိုဧည့်သည်ကို ကောင်းစွာ ဧည့်ခံနိုင်ရန်အတွက် ဦးသန်းတင့်သည် သူ၏ အခြားအစီအစဉ်များကို ကတိုက်ကရိုက်ပင် ပြောင်းလွှဲခဲ့ရ၏။ ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်သောကြောင့် မစုတို့ မောင်နှမနှစ်ယောက်စလုံး ပန်းဟောဝန်တွင် မရှိကြပေ။ အင်္ဂလိပ်နှင့် သင်္ချာဘာသာရပ်များ ကျူရှင်ယူရန် ကျောင်းအားရက်များ တိုင်း သွားနေကျဖြစ်သော ကုက္ကိုင်းဘက်ရှိ အင်္ဂလိပ် မြန်မာကပြား အမျိုးသမီး ဆရာတစ်ဦး နေအိမ်သို့ သွားနေခိုက်ဖြစ်၏။

mgyoe.com

ဒေါ်မြရွှေသည် သူစီးနေကျ မောရစ်ကားကလေးနှင့် နာရီပြန် တစ်ချက်တီးလောက်တွင် ပန်းဟောဝန်သို့ ရောက်ရှိလာ၏။ သူ၏ အမူ အကျင့်အတိုင်း ပဝါခြုံကာ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထား၏။ သို့ရာတွင် သူ များစွာ နှစ်သက်ပုံရသော ဂိုး(လ်)ဖလိပ် စီးကရက်ကို တော့မူ လက်မှမချ။ သို့ရာတွင် စွပ်တံနှင့် သောက်၏။

ဧည့်သည် ရောက်ရှိလာပြီးနောက် အဆင်သင့် ပြင်ထားသော လက်ဖက်ရည်စားပွဲတွင် နှစ်ယောက်သားထိုင်မိလျှင်ပင် ဒေါ်မြရွှေက ဝေဝေ့ထံမှ စာတစ်စောင် ရရှိထားသည့် သတင်းကို ရှေးဦးစွာ ထုတ်ဖော် ပြောကြား၏။

ဝေဝေ။

ဝေဝေ့ထံမှ စာတစ်စောင်။

ဝေဝေဆိုသော နာမည်ကို ကြားလိုက်ရလျှင်ပင် အိမ်ရှင်သည် များစွာ ခါယမ်းလှုပ်ရှားသွားပုံရ၏။ ထို့ကြောင့် "ဝေဝေ့ဆီက စာလာ တယ်၊ ဟုတ်လား ကြီးကြီး" ဟု ဦးသန်းတင့်က အလန့်တကြား မေးမြန်း လိုက်မိ၏။

"မနေ့ကမှ ကြီးကြီးလည်း သူ့စာကို ဖောက်ဖတ်ကြည့်မိတယ်။ ဒါ့ကြောင့် ဒီအကြောင်းကိုတော့ မောင်သန်းတင့်တစ်ယောက် ကြားချင် ကောင်း၊ ကြားချင်လိမ့်မယ် အထင်နဲ့ မနက်ကမှ တယ်လီဖုန်း ဆက် လိုက်ရတာပဲလေ" လူကခဲတတ်ရာတွင် လိမ္မာပါးနပ်ပုံရသကဲ့သို့ စကား ပြောဆိုရာတွင်လည်း ချက်ချက်ချာချာ ပြောတတ်၊ ဆိုတတ်ပုံရသော မင်းကြီးကတော်က ထိုသို့ ပြောဆိုလာ၏။

ဝေဝေ့အကြောင်းနှင့်ပတ်သက်၍ ဦးသန်းတင့် ကြားချင်ကောင်း ကြားချင်လိမ့်မည်ဆိုသော စကားပိုဒ်သည် အိမ်ရှင်ဖြစ်သူအတွက် များစွာ စဉ်းစားခြင်းပြုရမည်ဖြစ်သော စကားပိုဒ်ဖြစ်၏။ ထိုစကားပိုဒ်တွင်

mgyoe.com

mgyoe.com  SAMPLE BOOK 

အဓိပ္ပာယ်တွေ တသီတတန်းကြီး ပါနေသည် မဟုတ်သလော။

လွန်ခဲ့သော ၁၀ နှစ်သာသာခန့်လောက်က သူ့မိဘများ ဆောက်လုပ်မွမ်းမံထားခဲ့ကြသော ပန်းပောဝန်ကို ထုခွဲဖျက်ဆီးခဲ့ပြီးနောက် လင်နှင့်သားသမီးများကိုပါ ရက်ရက်စက်စက် စွန့်ထားပစ်ခွာသွားခဲ့သော ထိုမစိမ်းကားကြီးတစ်ယောက်နှင့်ပတ်သက်၍ အကောင်းအဆိုး သတင်းများကို သူသည် ကြားချင်သေးသလော။ ထိုအကြောင်းနှင့်ပတ်သက်၍ ဦးသန်းတင့်သည် သူ့ကိုယ်သူ မေးမြန်းလျက်ရှိ၏။ သည်အိုး သည်အိမ်နှင့် သည်လင် သည်သားသမီးများလောက်သာ မဟုတ်ဘဲ သည်တိုင်းပြည်ကိုပင် ကျောခိုင်းစွန့်ခွာသွားခဲ့သော ထိုအမျိုးသမီးတစ်ယောက်အကြောင်း ဘာများ စိတ်ဝင်စား ကြားနာစရာအကြောင်း ရှိသေးသနည်း။

"ဝေဝေက သူမြန်မာပြည်ကို ပြန်လာချင်တဲ့အကြောင်းနဲ့ မောင်သန်းတင့်တို့ သားအဖတစ်တွေရဲ့ သတင်းကို ကြားချင်တဲ့အကြောင်းပါ သူ့စာထဲမှာ ထည့်ရေးလိုက်တယ်ကွယ့်"။ ဓော်ရုံသင့်ရုံကိစ္စကို လူတစ်ဖက်သား နားမဝင် ဝင်အောင် ပြောတတ်ဆိုတတ်သော ကြီးကြီးဒေါ်မြရွှေသည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ သူ့ထံသို့ ရေးသားလိုက်သော စာပါအကြောင်းအရာများကို ဖွဲ့နွဲ့ပြောကြားလျက်ရှိ၏။

သူပစ်ထားခဲ့သော သားအဖတစ်တွေ၏ သတင်းကို နှစ်ပရိစ္ဆေဒကြာညောင်းလာခဲ့ပြီးမှ ထိုမိန်းမတစ်ယောက်က စိတ်ဝင်စား မေးမြန်းခြင်းပြုကြောင်း ကြားသိလာရသောအခါ ဦးသန်းတင့်သည် တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဖူးသော ဝေဒနာတစ်မျိုးကိုပါ ရင်ထဲ၌ ခံစားလိုက်ရ၏။ သို့ရာတွင် ဝေဝေ့ထံမှ စာနှင့်ပတ်သက်၍တော့ သူ၏သဘောထားကို တစ်လုံးတစ်ပါဒမျှ မဟနိုင်သေးချေ။ သူသည် ဝမ်းနည်းနေသလော၊ သို့မဟုတ် ဝမ်းသာနေသလော၊ သို့မဟုတ် ဝမ်းနည်းဝမ်းသာ ဖြစ်နေသလော။

mgyoe.com

 mgyoe.com SAMPLE BOOK 

"ပြီးတော့ ပန်းဟေဝန်ကို သူ့သဘောနဲ့သူ ရောင်းခဲ့မိတာ မှားကြောင်းနဲ့ နောင်တ,တရားပါ ရနေတဲ့အကြောင်းလည်း ရေးလိုက်သေးတယ်ကွယ့် မောင်သန်းတင့်"။ အိမ့်ရှင်၏ အရိပ်အကဲကို ကောင်းစွာဖမ်းမိပုံရသော ညွှ့်သည်က ဖိ၍ ပြောကြားနေ၏။

တစ်ကြိမ်သောအခါက ရှေ့နောက် စဉ်းစားချင့်ချိန်ရကောင်းမှန်းမသိဘဲ ကိုယ့်သဘောတစ်ခုတည်းနှင့် လုပ်ချင်တာတွေ လုပ်သွားခဲ့သော မိန်းမတစ်ယောက်က ယခုအခါ သူ၏အမှားများကို သိမြင်ကာ နောင်တတရားများ ရရှိလာလေပြီဆိုသော သတင်းစကားကို ကြားနာရသောအခါ ဦးသန်းတင့်သည် မသိမသာ ပြုံးလိုက်၏။ သို့ရာတွင် ဝေဝေနှင့် ပတ်သက်၍ သူ၏ ထင်မြင်ချက်သော်လည်းကောင်း၊ မှတ်ချက်သော်လည်းကောင်း ထုတ်ဖော်ပြောကြားခြင်းပြုရန်အတွက် သူသည် အဆင်သင့် မရှိသေးပေ။

"ဝေဝေတစ်ယောက် အသက်အရွယ်ကလေး ထောက်လာလို့ နောင်တ,တရား ရလာပြီး မာန်စွယ်ကလေးတွေလည်း ကျွတ်ကုန်ပြီနဲ့ တူပါတယ်ကွယ့်"။ ကမ္ဘာလောကကြီးကို အကောင်းဘက်မှ ကြည့်တတ်၊ မြင်တတ်ပုံရသော မင်းကြီးကတော် ဒေါ်မြရွှေက သူ ယူဆောင်လာသော သတင်းနှင့် ပတ်သက်၍ သူ့ကပင် ထင်မြင်ချက်များပေးကာ မှတ်ချက်များ ချမှတ်နေ၏။

တရားခွင်တွင် တရားလိုနှင့် တရားခံပေါင်းများစွာ၏ အတွင်းသဘောကို နှိုက်ခဲ့၊ ကလော်ခဲ့ဖူးသော ဥပဒေသမားကြီးတစ်ဦးအနေဖြင့် ဦးသန်းတင့်သည် တရားခံ ဝေဝေ့ဘက်မှ ရှေ့နေရှေ့ရပ်လုပ်လာသော မင်းကြီးကတော်ကို ပြုံး၍ ကြည့်နေ၏။ ထိုသို့ပြုံးနေစဉ် ဦးသန်းတင့်သည် နှစ်ပေါင်း ၁၅ နှစ်ကျော်ကျော်လောက် ယေဘုယျနောက်ပြန်ကြည့်၍သွား၏။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်တွင် ဆရာတစ်ပိုင်း၊

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျောင်းသားတစ်ပိုင်း မောင်သန်းတင့်နှင့် ဒိုင်အာခီခေတ် ဝန်ကြီးဟောင်း၏ သမီးဖြစ်သူ ဝေဝေတို့ နှစ်ဦးအကြား သည်အမယ်ကြီးကပင် တံတားဆောက်ပေးခဲ့သည် မဟုတ်သလော။ ထိုတံတားသည် ငါးနှစ်သာသာခန့်မျှလောက် ခံ၏၊ ထို့နောက် ကျိုးသွား၏။ ယခုအခါ ၁၀ နှစ်သာသာခန့်မျှ ကျိုးပျက်နေခဲ့သော ထိုတံတားအို တံတားပျက်ကြီးကို မင်းကြီးကတော်သည် ပြန်လည်ပြင်ဆင်ခြင်းပြုရန် သွေးတိုးစမ်းနေပုံရ၏။

သူကချည်းသာ တစ်ဖက်သတ် စကားပြောဆိုလျက် ရှိနေခြင်းကို ပြန်လည်သတိရလာဟန်ဖြင့် မင်းကြီးကတော် ဒေါ်မြရွှေက ဂိုးလ်ဖလိပ်စီးကရက်ကို ပယင်းစွပ်တံတွင် ထည့်ကာ မီးညှိရင်း "မစုတို့၊ ကိုတူးတို့ မောင်နှမနှစ်ယောက် မမြင်မိပါကလား" ဟု အကြောင်းအရာ အသစ်တစ်ခုကို စလိုက်၏။

"ကုက္ကိုင်းဘက်က ဆရာမတစ်ယောက်အိမ်ကို ကျူရှင် သွားယူကြတယ်လေ ကြီးကြီး"

"မစုတစ်ယောက်ကကော ဘယ်လိုနေသေးသလဲဟင်။ သူ့အမေအပေါ် ခါးခါးသီးသီး ဖြစ်နေတုန်းပဲလား" ဟု သူတို့သားအဖနှင့် မောင်နှမတစ်တွေအပေါ် ရက်ရက်စက်စက် လုပ်ကိုင်သွားခဲ့သော ဝေဝေ့အပေါ် ရန်ငြိုးဖွဲ့လျက်ရှိသော မစု၏ စိတ်နေသဘောထားကို ဒေါ်မြရွှေက ဆက်၍ မေးပြန်၏။

"မစုတစ်ယောက်အကြောင်း ကြီးကြီးလည်း အသိသား မဟုတ်လား။ ဒီမိန်းကလေးက တော်တော် စိတ်မှတ်အကြီးသားကလား"။ စိတ်အမှတ်ကြီးသော သူ့သမီးအကြောင်းကို မလွှဲသာ မရှောင်သာပင် ဦးသန်းတင့်သည် ညှော်သည်ကို ပြောကြားခြင်းပြုရ၏။

"သူ့အမေနဲ့ သူ့သမီးပဲလေ၊ တစ်နေ့တော့ ပြေလည်သွားကြပါလိမ့်မယ်" ဟု သက်ရွယ်ကြီးရင့်သူ ဒေါ်မြရွှေက သူ့အမြင်ကို ပြော

mgyoe.com

m gyoe . c o m
SAMPLE BOOK


ဆိုၾ၏။

သို့ရာတွင် ဦးသန်းတင့်နှင့် ဒေါ်မြရွှေတို့သည် သူ့အမှားအတွက် နောင်တ,တရား ရနေပြီဆိုသော ဝေဝေနှင့် သူ့မိခင်အပေါ် အာဃာတ ကြီးကြီးမားမား ထားနေဆဲဖြစ်သော မစုတို့ သားအမိနှစ်ယောက် အကြောင်းကို ဆက်လက်ပြောကြားရန် အခွင့်အလမ်း မသာတော့ချေ။ ကုက္ကိုင်းဘက်သို့ ကျူးရှင်ယူသွားကြသော မစုနှင့် ကိုတူးတို့ မောင်နှမ ပြန်လည်ရောက်ရှိလာကြသောကြောင့် ဖြစ်၏။ ထို့ကြောင့် မင်းကြီး ကတော်သည် မစုနှင့် ကိုတူးတို့ မောင်နှမ နှစ်ယောက်တို့ကို နှုတ်ဆက် စကား ပြောကြားပြီးနောက် ကန်ဘဲ့ဘက်ရှိ ၎င်း၏နေအိမ်သို့ ပြန်လည် ထွက်ခွာသွား၏။

(၄)

ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ထွက်ခွာသွားပြီဟူသော သတင်းသာ ကြားလိုက်ရပြီးနောက် ၁၀ နှစ်နီးပါးခန့်မျှ နောက်ထပ် ဘာမျှမကြားရ၊ မသိရသော ဝေဝေ့သတင်းနှင့် အခြေအနေများကို လာရောက်ပြောကြားသွားပြီးနောက် ရက်သတ္တ နှစ်ပတ်ခန့်လောက် အကြာတွင် မင်းကြီးကတော် ဒေါ်မြရွှေက ဦးသန်းတင့်ကို ၎င်း၏ နေအိမ် ရှိရာ ကန်ဘဲ့သို့ သူနှင့်စာကွ နှစ်ယောက်တည်း ညစာစားသောက်ရန် ဖိတ်ကြားလာပြန်၏။ ထိုအမယ်ကြီးသည် မစုနှင့် ကိုတူးတို့၏ မိခင်ဖြစ် သူ့ ဝေဝေ့အကြောင်း သတင်းစကားပြောကြားရင်း မိမိ၏ သဘောထား ကို တီးခေါက်ကြည့်ရှုရင်း အကဲခတ်ရန်မှတစ်ပါး အခြားတစ်ပါးသော အကြောင်းရှိ၍ ယင်းသို့ ဖိတ်ကြားခြင်းပြုကြောင်း နတ်ဗေဒင် မမေးဘဲ ဦးသန်းတင့် ကောင်းစွာ သိရှိ နားလည်နိုင်ပြီးဖြစ်၏။ ထိုမိန်းမထံမှ စာလာပြန်ပြီလော၊ သို့မဟုတ် လူကိုယ်တိုင်ပင် ရောက်ရှိနေလေပြီလော။

m gyoe. c o m

mgyoe.com  SAMPLE BOOK 

ဒေါ်မြရွှေ ပထမတစ်ကြိမ် ပန်းဟောဝန်သို့ လာရောက်လည်ပတ်သွားပြီးကတည်းက ဦးသန်းတင့်၏ ဦးခေါင်းထဲတွင် ဝေဝေသည် အချိန်ရှော နေရာပ်ါ ကောင်းစွာယှုလျက်ရှိ၏။ ယခင်အခါများက သူသည် လင်နှင့် သားကလေး၊ သမီးကလေးများကို ရက်ရက်စက်စက် စွန့်ထားထွက်ခွာသွားသော ထိုမိန်းမရိုင်းကြီးတစ်ယောက်၏ အကြောင်းကို ဦးခေါင်းထဲ၌ စိတ်အဆင်းရဲ အပင်ပန်းခံကာ ကြာရှည်လေးမြင့် လက်ခံထားခြင်း မပြုချေ။ ဝင်လာလျှင် အမှတ်တမဲ့နှင့် ခဏတစ်ဖြုတ်လောက်သာ လက်ခံထားပြီးနောက် ဦးခေါင်းထဲမှ တစ်ခါတည်း မောင်းထုတ်ပစ်လိုက်တတ်၏။ ဦးခေါင်းထဲမှ ထုတ်ပစ်လိုက်၍ ရင်တွင်းသို့ ဝင်လာလျှင်လည်း သည်းညည်းမခံ၊ ကန်ထုတ်လိုက်လေ့ရှိ၏။ လင်နှင့် ကိုယ်မွေးထားသော သားသမီးကလေးများအပေါ် အကြင်နာတရားမရှိသော မိန်းမသားမျိုးအတွက် ကိုယ့်ကိုယ်ကိုယ် ဘယ့်အတွက် အဆင်းရဲ အပင်ပန်းခံရမည်နည်း။

ပန်းဟောဝန်တွင် သူတို့သားအဖ သုံးဦးရှိသည့်အနက် ဝေဝေတစ်ယောက်အကြောင်းနှင့် ပတ်သက်လာလျှင် စိတ်ဓာတ်အပြင်းအထန်ဆုံးနှင့် အခါးအသီးဆုံး ဖြစ်နေသူမှာ ထိုမိန်းမ ဝမ်းဗိုက်နှင့် ရက်ရှည်လများလွယ်၍ မွေးထုတ်လာခဲ့ရသော သူ့သမီး မစုကိုယ်တိုင်ဖြစ်၏။ သူ့အမေ ပစ်သွားစဉ်က ထိုမိန်းကလေးသည် ကျောင်းသို့ပင် မပို့ရသေး။ လေးနှစ်သမီးသာသာခန့်လောက်သာ ရှိသေး၏။ သို့ရာတွင် ထိုမိန်းကလေးတစ်ယောက်သည် အသက်အရွယ်ကလေး တဖြည်းဖြည်းကြီးရင့်လာပြီးနောက် သိတတ်စပြုလာသော အချိန်ပိုင်းလောက်မှ အစပြုကာ သူ့မိခင်အပေါ် တစ်စထက်တစ်စ အတော်ကြီး နာကြည်းလာဟန်တူ၏။ သူ့အမေ၏ နာမည်နှင့် သတင်းစကားမျှလောက်ပင် ပန်းဟောဝန်အိမ်ကြီးနှင့် သူ့ရှေ့တွင် အပြောအဆိုမခံပေ။ ထို့ကြောင့် မင်းကြီးကတော်

mgyoe.com

mgyoe.com SAMPLE BOOK


ဒေါ်မြရွှေကဲ့သို့ ၎င်း၏ ဘိုးအေဘွားအေများ လက်ထက်မှစ၍ ရင်းရင်းချာချာ ဆက်ဆံပေါင်းသင်း လာခဲ့ကြသော လူကြီးသူမများပင်လျှင် သူ့သမီးရှေ့တွင် သူ့အမေအကြောင်းကို မဟရဲ၊ မပြောရဲကြချေ။ တစ်ခါက အကြောင်းမသိ၍ "ဝေဝေ့သမီးတောင် တော်တော်ကြီး ကြီးနေမှကိုး" ဟု ပန်းဟောဝန်သို့ အလည်လာသော မိတ်ဆွေတစ်ဦးက ပြောဆိုမိသဖြင့် "မစု မေမေ့အကြောင်း မပြောစေချင်ပါဘူး ဦးဦး၊ မစုဟာ ဦးသန်းတင့်ရဲ့ သမီးပါ" ဟု မစုက သူ့အမေအကြောင်း စကားပိတ်သွားအောင် တစ်ခါတည်း စကားပိတ် ပြောဆိုခဲ့ဖူး၏။

သို့ရာတွင် မစုအောက်ဖြစ်သော ကိုတူးတစ်ယောက်ကမူ သူ့အစ်မကဲ့သို့ မဟုတ်ပေ။ သူ့မိခင် ဝေဝေ ပစ်ခွာသွားစဉ်က ထိုကလေးသည် နှစ်ခါလည်မျှပင် မရှိတတ်သေး။ ထို့ကြောင့် သူ့အမေကို ဟုတ်ဟုတ်ညားညားနှင့် ရေရေရာရာ ဘာမျှ မှတ်မိသိရှိပုံမရ။ မိခင်ဖြစ်သူ၏ ရင်ခွင်နှင့် မေတ္တာရိပ်တွင် လူဖြစ်ကြီးပြင်းခဲ့ရသော ကလေးတစ်ဦး မဟုတ်သောကြောင့် ကိုတူးသည် အမေ ဆာလောင်ငတ်မွတ်နေပုံရ၏။ တနင်္ဂနွေ ရုံးအားရက်များတွင် တစ်ခါတစ်ရံ ပန်းဟောဝန်သို့ လာရောက်လည်ပတ်တတ်ကြသော သူ့ဖခင် မိတ်ဆွေ အမျိုးသမီးများကို တွေ့ရလျှင် ထိုကလေးသည် သူ့အမေများ ဖြစ်လေမည်လားဟူသော အထင်နှင့် မျက်လုံးဝိုင်းကြီးများဖြင့် ငေးမောကြည့်ရှုနေတတ်၏။ တစ်ခါတစ်ရံ ထိုအမျိုးသမီးများအနီးသို့ မရဲတရဲနှင့် မသိမသာ ကပ်တတ်၏။

ယင်းသို့ မိခင်လုပ်သူအပေါ် ခါးခါးသီးသီးဖြစ်နေသော သမီးနှင့် သူ့မိခင်ကို အလွန်တရာ ဆာလောင်မွတ်သိပ်နေသော သားများနှင့် ၁၀ နှစ်သာသာခန့်မျှ နေထိုင်လာခဲ့ရသော ဦးသန်းတင့်သည် တစ်ခါတစ်ခါ ထိုကလေးနှစ်ဦးတို့၏ မိခင်ဖြစ်သူ ဝေဝေ့အကြောင်းကို သတိရ စဉ်းစားမိလိမ့်မည်သာဖြစ်၏။ သို့ရာတွင် သူတို့သားအဖ သုံးဦးလောက်သာမက

mgyoe.com

mgyoe.com SAMPLE BOOK


ကိုယ့်မွေးရပ်မြေကိုပင် စွန့်ထား ထွက်ခွာသွားခဲ့သော ထိုကလေးများ၏ မိခင်အကြောင်းကို လက်ခံစဉ်းစားနေ၍ကော ဘာများ အကြောင်းထူး လာလိမ့်မည်နည်း။ ရင်နာရုံသာ ရှိလိမ့်မည်ဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် ဝေဝေအကြောင်း ဦးခေါင်းထဲသို့သော်လည်းကောင်း၊ ရင်ထဲသို့သော်လည်းကောင်း ဝင်လာသောအခါများတွင် ဦးသန်းတင့်သည် မောင်းထုတ်၊ ကန်ထုတ်ခဲ့ရခြင်းသာ ဖြစ်၏။

သို့ရာတွင် ဤကမ္ဘာလောကကြီး တည်မြဲသော အရာဝတ္ထု ဘာရှိသနည်း။ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် ပြောင်းလဲခြင်း တရားများနှင့် နှောင်ဖွဲ့ထားသော လောကကြီးတွင် အဆိုးသည် အကောင်းအဖြစ်သို့ ပြောင်းလဲလာတတ်သကဲ့သို့ အကောင်းသည်လည်း အဆိုးဖြစ်သွားတတ်သည် မဟုတ်သလော။

ထိုနည်းအတူ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးတွင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ သွားရောက်နေထိုင်ခဲ့ပြီးနောက် အသက်အရွယ် ရရှိကာ အတွေ့အကြုံများ များပြားကြွယ်ဝလာသည်နှင့်အမျှ တစ်ကြိမ်သော အခါက သူ၏ အမှားအယွင်းများကို သတိတရား ပြန်လည်ရရှိလာပြီ ဆိုသော ထိုမိန်းမတစ်ယောက်အကြောင်းကို အလွန်တရာ ရင်းချာ စိတ်ချရသော ဒေါ်မြရွှေထံမှတစ်ဆင့် မမျှော်လင့်ဘဲ ကြားသိလာရသောအခါ ဝတ်လုံတော်ရ ဦးသန်းတင့်သည် သူ့သားသမီးများ၏ မိခင်ဖြစ်သူ အကြောင်းကို စိတ်ဝင်စားလာရပြန်၏၊ အလေးထား စဉ်းစားလာရ ပြန်၏။

ဒေါ်မြရွှေ ပထမတစ်ကြိမ် ဝေဝေအခြေအနေနှင့် သတင်းစကား လာရောက်ပြောကြားသွားပြီးကတည်းက ဦးသန်းတင့်သည် သူ၏ မယားဟောင်းနှင့် ပတ်သက်သော သတင်းများကို နောက်ထပ် ကြားနာလိုစိတ်များ ရှိနေ၏။ အထူးသဖြင့် သူ၏ မွေးရပ်မြေသို့ ပြန်လာလိုရုံမျှ

mgyoe.com

 mgyoe.com SAMPLE BOOK 

သာမက သူတို့သားအဖသုံးဦး၏ သတင်းကိုပါ စုံစမ်းမေးမြန်းနေသည် ဆိုသော ဝေဝေ့ကို လင်ယောကျ်ားတစ်ဦး မဟုတ်တော့သည့်တိုင်အောင် သူသည် အကူအညီအထောက်အပံ့ ပေးလိုသောစေတနာများ ရှိနေ၏။

ထို့ကြောင့် လွန်ခဲ့သော ရက်သတ္တ နှစ်ပတ်လောက်က သူနှင့် အတူ ညစာ စားသောက်ဖို့အတွက် ဖိတ်ကြားခြင်းခံရသောအခါ ဦးသန်းတင့်သည် ကန်ဘဲ့ဘက်တွင် ဒေါ်မြရွှေ နေထိုင်လျက်ရှိသော မြိုင်မာလာသို့ အိမ့်ရှင် ဖိတ်ကြားထားသော အချိန်ထက် နာရီဝက်သာသာခန့် စော၍ ရောက်ရှိသွားခဲ့ခြင်းဖြစ်၏။ သို့ရာတွင် အိမ့်ရှင် မင်းကြီးကတော်သည် စည်းကမ်းအလွန်တရာ တိကျခြင်းရှိသူတစ်ဦး ဖြစ်စေကာမူ သူ၏ ဧည့်သည်ကို လက်ခံစကားပြောကြားရန် အဆင်သင့် ရှိနေပုံရ၏။ စိတ်ဝင်စား ထက်သန်နေပုံလည်း ရ၏။

"ဒါ မောင်သန်းတင့် ရုံးက တန်းလာခဲ့တယ်နဲ့တူတယ်" ဟု အိမ့်ရှင်က ဆင်ဝင်အောက်တွင် ထွက်၍ကြိုရင်း သူ၏ ဖီးယက်ကားကလေးပေါ်မှ ဆင်းလာသော ဦးသန်းတင့်ကို နှုတ်ဆက်မေးမြန်း၏။

"ဟုတ်ကဲ့ကြီးကြီး၊ အိမ်ပြန်နေရင် ချိန်းထားတဲ့ အချိန်ထက် နောက်ကျသွားမှာစိုးတာနဲ့ ရုံးကအဆင်း ဒီကို တစ်ခါတည်းထွက်လာခဲ့တာပါ" ဟု အိမ်ထဲသို့ ရှေ့မှဦးဆောင်၍ ခေါ်သွားသော အိမ့်ရှင်နောက်မှ လိုက်ပါလာရင်း ဦးသန်းတင့်က ပြန်လည်ဖြေကြား၏။

"မစုတစ်ယောက်ကိုကော ကြီးကြီးအိမ်မှာ ညစာစားမယ့် အကြောင်း သတင်းပို့ထားပြီးပြီလားကွယ့်" ဟု အိမ့်ရှင် အမယ်ကြီးက ဒုတိယမေးခွန်း ထုတ်လာသောအခါမှ သူသည် ဝေဝေ့သတင်းစကားကြားလိုအားကြီး၍ သူ့သမီးထံ သတင်းမပို့ရသေးသောအဖြစ်ကို သတိရလာ၏။ ထို့ကြောင့် အိမ့်ရှင်၏ တယ်လီဖုန်းကို အသုံးပြုခွင့်တောင်းကာ ပန်းဟောဝန်ကို ဆက်သွယ်ခြင်းပြုရ၏။ ယင်းသို့ မစုထံသို့ သတင်းပို့ပြီးမှ

mgyoe.com

mgyoe.com SAMPLE BOOK


သူသည် အိမ့်ရှင်နှင့်အတူ စကားပြောဆိုရ၏။

(၅)

ထိုနေ့ ညနေချမ်းက မြိုင်မာလာတွင် အိမ့်ရှင်နှင့်အတူ စကားတပြောပြောနှင့် ညစာ စားသောက်ရင်း ဦးသန်းတင့်သည် နှစ်နာရီသာသာခန့် အချိန်ကုန်လွန်သွား၏။ ထို့ကြောင့် ပန်းဟောဝန်သို့ သူပြန်ရောက်သောအခါ ၈ နာရီခန့် ရှိသွားပြီဖြစ်၏။

အိမ်သို့ပြန်ရောက်လျှင်ရောက်ချင်း ဦးသန်းတင့်သည် အဝတ်အစား လဲလှယ်ပြီးနောက် ကျယ်ဝန်းသော ခြံဝင်းအတွင်းသို့ ဆင်းလာခဲ့၏။ ပန်းပင်များအကြားတွင် လေတိုက်ခံကာ အပန်းဖြေရင်း နာရီပိုင်းလောက်က မြိုင်မာလာတွင် နောက်ထပ် ကြားသိလာခဲ့ရသော ဝေဝေ့သတင်းနှင့် ပြောခဲ့ဆိုခဲ့ကြသော အကြောင်းအရာများကို သူသည် ပြန်လည်စဉ်းစားနေမိ၏။

မြိုင်မာလာ၏ ဧည့်ခန်းဆောင်တွင် ထိုင်မိလျှင်ပင် အိမ့်ရှင်က ရှေးဦးစွာ ဝေဝေ့ထံမှ ပထမအကြိမ် ရေးသားလိုက်သော စာကိုထုတ်၍ပြ၏။ ၁၀ နှစ်သာသာခန့်မျှ လူချင်းကွဲသွားသော မယားဟောင်းထံမှ စာကို ဖတ်ရှုရသောအခါ ဦးသန်းတင့်သည် ရင်ထဲ၌ များစွာ လှုပ်ရှားလျက်ရှိ၏။ စာပါ အကြောင်းအရာများကို အိမ့်ရှင် ပြောပြဖူးသဖြင့် သိရှိပြီးသား ဖြစ်စေကာမူ ဝေဝေ၏ လက်ရေးနှင့်စာကို ဖတ်ရှုရသောအခါ အဟောင်းအဟောင်းများသည် အသစ်အသစ် ပြန်ဖြစ်လာ၏။

"မနေ့ကလည်း ဝေဝေ့ဆီက စာတစ်စောင် ထပ်လာသေးတယ်။ အကျိုးအကြောင်းသိရအောင် မောင်သန်းတင့်ကိုယ်တိုင် ဖတ်ကြည့်ပေါ့"

ဟုဆိုကာ ဒေါ်မြရွှေက ဝေဝေ့ထံမှ ဒုတိယအကြိမ် ရေးသားလိုက်သော စာကို ထုတ်၍ပေး၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဝေဝေသည် တစ်ကြိမ်က သူ့သဘောနှင့်သူ စုံကနို၍ ထွက်သွား ခဲ့သော မွေးရပ်မြေသို့ ပြန်လာရန် ဆုံးဖြတ်ပြီးစီးသွားပုံရ၏။ ထို့ကြောင့် နိုင်ငံ အထွက်အဝင် စာရွက်စာတမ်းများပင် လုပ်ကိုင်ပြင်ဆင်နေပြီဖြစ် ကြောင်းနှင့် မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ နိုင်ငံခြား သာသနာပြု အဖွဲ့တစ်ဖွဲ့က တည်ထောင်ဖွင့်လှစ်ထားသော စာသင်ကျောင်းတစ် ကျောင်းတွင် ကျောင်းဆရာမအလုပ် ဝင်ရောက်လုပ်ကိုင်ရန် မြန်မာပြည်ရှိ သူ၏ မိတ်ဆွေတစ်ဦးက စီစဉ်လျက်ရှိကြောင်း၊ ရန်ကုန်သို့ ရောက်လျှင် ရောက်ချင်း ခရစ်ယာန် မိန်းကလေးများ၏ဂေဟာတွင် အခန်းတစ်ခန်း ငှားရမ်းနေထိုင်ရန် ထိုမိတ်ဆွေကပင် စီစဉ်ပေးထားမည်ဆိုကြောင်း အစ ရှိသော သူ၏ အစီအစဉ်များကို ရေးသားပြီးနောက် သူ၏ လင်ဟောင်း နှင့် သားသမီးများက သူပြန်လာမည့်ကိစ္စနှင့်ပတ်သက်၍ အဘယ်သို့ သဘောထားကြမည်ကို စိတ်ဝင်စား သိရှိလိုကြောင်းပါ ထည့်သွင်းရေး သားလိုက်၏။

ဝေဝေ့ထံမှ ဒုတိယစာကို ဖတ်ရှုပြီးစီးသွားသောအခါ ဦးသန်းတင့် သည် သက်ပြင်းကို ခပ်လေးလေးချရင်း လိပ်တပ်ထားသော အိမ့်ရှင်ကို လှမ်းပေးလိုက်၏။

အိမ့်ရှင်သည် ဒုတိယစာနှင့်ပတ်သက်၍ ဧည့်သည်လုပ်သူကို နောက်ထပ် ဘာမျှ ဖြည့်စွက်ပြောကြားခြင်းပြုရန် အကြောင်းစကား မရှိသကဲ့သို့ သူ၏စွပ်တံတွင် စီးကရက်တစ်လိပ်ကို ထည့်ကာ မီးညှိ၍ ဖွာနေ၏။ အလားတူပင် ဧည့်သည်ဖြစ်သူကလည်း ဘာမျှပြောဆိုရန် စကားမရှိသကဲ့သို့ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလျက် ရှိ၏။

၆ နာရီခွဲသာသာခန့်တွင် ဦးသန်းတင့်သည် အိမ့်ရှင်တည်ခင်း သော ညစာကို စားသောက်ရ၏။ ဆန္ဒိုက်၊ အာလူးကပ်တလစ်၊ ဘာလ

mgyoe.com

mgyoe.com SAMPLE BOOK


ချောင်ကြော်၊ ပဲသီးသနုပ်၊ အမဲနှပ်နှင့် ဟင်းချိုများဖြင့် တည်ခင်း ကျွေးမွေး၏။ ညစာစားအပြီးတွင် ရွှေငှက်ပျောသီးနှင့် ကော်ဖီနက် တစ်ခွက်ပါ စားသောက်ရ၏။

ညစာ အတူစားသောက်ရစဉ် အိမ်ရှင် ဒေါ်မြရွှေက လူကြီးသူမတို့ ပြောတတ်သော စကားကို သူ၏ ထုံးစံအတိုင်း လေအေးအေးနှင့် ပြောဆို ၏။ လောကကြီးတွင် မမှားတတ်သောသူ မရှိကြောင်း၊ ကိုယ့်အမှားကို ပြန်လည်သိရှိ နောင်တရသူတစ်ဦးကို ခွင့်လွှတ်လက်ခံခြင်းသည် ကြီး မြတ်သော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းနှင့် တစ်လင်တစ်မယားစနစ် လောက် ကောင်းမွန်အေးချမ်းသော အိမ်ထောင်ရေးမရှိကြောင်း စသည် တို့ကိုပါ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောကြားသွား၏။

ဦးသန်းတင့်သည် ညစာ စားသောက်ရင်း ကြားနာသူတစ်ဦး သက်သက်မျှသာ ဖြစ်၏။ သူသည် ဘာတစ်ခွန်းမျှ ကြားဝင်ပြောဆိုခြင်း မပြု။ အင်းလည်းမလုပ်၊ အဲလည်းမလုပ်။ သို့ရာတွင် သူ၏ ဦးနှောက်ကို မူကား မအားမလပ် အလုပ်ပေးလျက်ရှိ၏။

ညစာစားပြီး၍ အိမ်သို့ပြန်ရန် ကားပေါ်သို့အတက်တွင် ဆင် ဝင်အောက်အထိ လိုက်ပို့သော အိမ်ရှင်က "ကြီးကြီးပေးတဲ့ အကြံကို မောင်သန်းတင့် အလေးထား စဉ်းစားစေချင်တယ်ကွယ်" ဟု အမှာ စကား ထပ်မံပြောကြားလိုက်သေး၏။ ဦးသန်းတင့်သည် မင်းကြီး ကတော် ဒေါ်မြရွှေကို ဘာကတိမျှတော့ ပြန်မပေးခဲ့ပေ။ ယဉ်ကျေးမှုအရ ဦးခေါင်းကိုသာ ဆတ်၍ပြကာ မြိုင်မာလာမှ ထွက်ခွာလာခဲ့၏။

မြိုင်မာလာ ညစာစားပွဲ၌ ဤလောကကြီးတွင် တစ်လင်တစ် မယားစနစ်လောက် ကောင်းမွန်အေးချမ်းသော အိမ်ထောင်ရေးမရှိဟု ဆိုလာသော အိမ်ရှင်၏စကားကို ဦးသန်းတင့်တစ်ယောက်အနေဖြင့် ဘာမျှ အငြင်းပွားစရာ အကြောင်းမရှိပေ၊ ခြွင်းချက်မရှိ လက်ခံနိုင်၏။

mgyoe.com

SAMPLE BOOK

တကယ်ဆိုတော့ သူကိုယ်နှိုက်ကပင် တစ်လင်တစ်မယားစနစ် အိမ်ထောင်ရေးကို မှောက်လှန်ပစ်ပယ်ခဲ့ကြသော မိဘနှစ်ပါးတို့၏ ဒဏ်ကို အလူးအလိမ့်ခံခဲ့ရသော သတ္တဝါတစ်ကောင်မျှသာ ဖြစ်သည် မဟုတ်သလော။ သူ နာနာကျင်ကျင်နှင့် မချိမဆံ့ ခံခဲ့ရသလို သူ၏ သားသမီးများကို မခံရလေအောင် ဦးသန်းတင့်သည် သူ့ကိုယ်သူ စောင့်စည်းထိန်းသိမ်းခဲ့သူတစ်ဦးလည်း ဖြစ်၏။

သူသည် အသက် ၄၀ သာသာခန့်မျှသာ ရှိသေး၏။ ကာလစကားနှင့်သာဆိုရလျှင် သက်လတ်ပိုင်းအရွယ်ဖြစ်၏။ ရှေ့လျှောက် လူလုပ်စရာ အချိန်အများကြီး ရှိသေး၏။ ၎င်းအပြင် သူသည် ဂီလာနတစ်ဦး မဟုတ်။ ကောင်းစွာ ကျန်းမာသန်စွမ်းသူတစ်ယောက်ပါဖြစ်၏။ သူ၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မှ ရရှိသော ဝင်ငွေသည် အလွန်တရာ ကောင်းမွန်၏။ ကာလစကားနှင့် ပြောရလျှင် တစ်လတစ်လ ဝင်ငွေသည် ဂဏန်းလေးလုံးအောက်သို့မရောက်၊ အထက်တွင်သာရှိ၏။ ၎င်းအပြင် ဦးသန်းတင့်သည် သူ၏ လုပ်ငန်းနယ်ပယ်တွင် များစွာ အောင်မြင်ကျော်ကြားနေသူတစ်ယောက်သာ ဖြစ်သည် မဟုတ်သလော။ ရှေ့တွင်လည်း သူ့အတွက် အလားအလာ များစွာရှိ၏။ တစ်နေ့သောအခါ သူသည် တရားဝန်ကြီး တက်ဖြစ်နိုင်သူတစ်ဦးဖြစ်သည် မဟုတ်သလော။ အကယ်၍ ဦးသန်းတင့်လို လူတစ်ယောက်ကသာ နောက်အိမ်ထောင်ပြုမည်ဟု ကြေညာလိုက်လျှင် အချောအလှနှင့် အနုအယဉ်တို့သည် တန်းစီ၍ အရွေးခံကြလိမ့်မည်ဖြစ်သည် မဟုတ်သလော။ ထိုကဲ့သို့ ကြေညာဖို့ဝေးစွ၊ သူ့ဘာသာသူ ခပ်ကုပ်ကုပ်၊ ခပ်အေးအေး နေထိုင်လျက်ရှိသည့်ကြားမှပင် ပန်းဟေဝန်သို့ အကြောင်းမရှိအကြောင်းရှာကာ လူလုံးလာပြကြသော မယ်မင်းကြီးမများ အနမတဂ္ဂမျှရှိ၏။ မစုတစ်ယောက်သာ မရှိလျှင် ထိုမယ်မင်းကြီးမများကို ကုပ်နှင့်

mgyoe.com

mgyoe.com
SAMPLE BOOK


ကော်ချရလိမ့်မည်သာ ဖြစ်၏။

ထိုကဲ့သို့ ဦးသန်းတင့်ကတော် ဖြစ်ချင်၊ လုပ်ချင်ကြ၍ ဝိုင်းဝိုင်းလည်နေခဲ့ကြသော မယ်မင်းကြီးမများအကြားမှ ဦးသန်းတင့်သည် သားသမီးများ၏ ရှေ့ရေးကို စဉ်းစားထောက်မျှော်ကာ သူ့ကိုယ်သူ ကောင်းစွာ ထိန်းသိမ်းနေထိုင်ခဲ့သူတစ်ဦးဖြစ်၏။ သို့ရာတွင် မင်းကြီးကတော် ဒေါ်မြရွှေထံမှတစ်ဆင့် ဝေဝေ့ အခြေအနေနှင့် အကြောင်းများ ဘာမျှ မကြားသိရမီ လွန်ခဲ့သော ခြောက်လသာသာခန့်လောက်က သူ့သမီး မစုနှင့် ဆက်နွယ်၍ သူ့ဘဝ ပတ်ဝန်းကျင်သို့ အမျိုးသမီးတစ်ဦး ဖြုန်းစားကြီး နီးစပ်ရောက်ရှိလာခဲ့၏။ တကယ်ဆိုတော့ ထိုအမျိုးသမီးသည် သူ့ဘဝလမ်းကြောင်းတွင် အသစ်တွေ့ရသောသူတစ်ဦးကား မဟုတ်ပေ။ အဟောင်းသည် တစ်ပတ်ပြန်၍ သစ်ခြင်းမျှသာဖြစ်၏။

■

mgyoe.com

mgyoe.com SAMPLE BOOK

# သံ သ ရာ ဝဲ ဩ ဃ

## (၁)

ထိုအမျိုးသမီးနှင့် လူချင်း ပြန်၍ တွေ့ခဲ့ရသောညသည် ဦးသန်းတင့်အဖို့ ထမင်းလုံးတစ္ဆေ အခြောက်ခံရသော ညတစ်ညအလားပင်ဖြစ်၏။ သူသည် များစွာ လှုပ်ရှားချောက်ချားသွားခဲ့ရ၏။ သူ့ကိုယ်ကိုသူ ကြွေ မလှုပ်နိုင်လောက်အောင်အထိ ဖြစ်သွားခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သော နှစ်ပေါင်းများစွာက သူ ကျောခိုင်းထားခဲ့ပြီးနောက် တစ်ယောက်နှင့်တစ်ယောက် နောက်ထပ်၍ လူချင်း အဘယ်သို့မျှ ပြန်လည်ဆုံစည်းစရာ အကြောင်းမရှိနိုင်တော့ဟု ထင်မှတ်အောက်မေ့ထားခဲ့သော အမျိုးသမီးတစ်ဦးကို မမျှော်လင့်သောနေ့ရာတွင် မထင်မှတ်သောပုံစံဖြင့် ဗြုန်းခနဲ ရင်ဆိုင်လိုက်ရသောကြောင့် ဖြစ်၏။

ဆရာဟု သူ ယခင်က ခေါ်ဝေါ် ဆက်ဆံနေကျအတိုင်း ရိုရိုသေသေ 'ခေါ်ဝေါ်ကာ ရယ်ရယ်ပြုံးပြုံးနှင့် ရင်းရင်းနှီးနှီး လက်ကမ်းလာသော ထိုအမျိုးသမီးကို ဦးသန်းတင့်သည် အဘယ်ကဲ့သို့ ပြန်လည်တုံ့ပြန်ရမှန်း မသိတတ်လောက်အောင် ကြောင်အမ်းလျက်ရှိ၏။ သူ၏ အမူအရာသည် များစွာ အရုပ်ဆိုးနေရုံမျှသာမက ဘေးပရိသတ်၏ အမြင်တွင် ရိုင်းစိုင်းနေသကဲ့သို့ပင် ရှိနေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

"မိလှယဉ်ပါ ဆရာ၊ ရန်ကုန်တက္ကသိုလ်မှာတုန်းက ဆရာ့တပည့်မကလေးတစ်ယောက်ကိုတောင် ဆရာ ကောင်းကောင်း မမှတ်မိတော့ဘူးနဲ့တူတယ်" ဟု ထိုအမျိုးသမီးက သူတို့နှစ်ဦး၏ အတိတ်ဆက်ဆံရေး ဇာတ်ကြောင်းကို ပြန်လည်ဖော်ပေးလျက် ရှိသည့်တိုင်အောင် ဆရာ အခေါ်ခံရသူသည် ကျောက်ရုပ်ကြီးလို ငိုင်နေဆဲဖြစ်၏။

"ဒါ မစုတို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်လေ ဖေဖေ" ဟု သူ့ဘေးတွင် အနေရခက်နေပုံရသော သမီးဖြစ်သူက သူ့လက်မောင်းကို ကိုင်လှုပ်ကာ သတိပေး ပြောကြားလိုက်တော့မှ ဦးသန်းတင့်သည် ပြန်လည် အသက်ဝင်လာ၏။ တစ်ကြိမ်သောအခါက သူ ရက်ရက်စက်စက် ကျောခိုင်းပစ်ထားခဲ့သော သူ့တပည့်မဟောင်း ကျောင်းသူမလေး လှယဉ်ကို ပြန်လည်သတိရ မှတ်မိလာ၏။ သို့ရာတွင် သူ ယခုရင်ဆိုင်နေရသူ အမျိုးသမီးသည် မစု၏မိခင် ဝေဝေနှင့် အကြောင်းမပါမီ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်တွင် သူ၏ တပည့်ကျောင်းသူဖြစ်ခဲ့သော မိန်းကလေးတစ်ယောက်မဟုတ်တော့။ ဥပဒေတန်းတက်ရင်းက အင်္ဂလိပ်စာဌာနတွင် သူ နည်းပြဆရာလုပ်ခဲ့စဉ်က လှယဉ်သည် အသက် ၁၈ နှစ်သာသာခန့် မိန်းကလေးတစ်ဦးမျှသာဖြစ်၏။ ပိန်ပိန်ပါးပါးနှင့် နွဲ့နွဲ့နှောင်းနှောင်းဖြစ်၏။ သို့ရာတွင် ယခုအခါ လှယဉ်သည် ခံ့ခံ့ညားညားနှင့် ဧရာမမိန်းမကြီးတစ်ယောက် ဖြစ်နေလေပြီ။ ဘီးဆံပတ် ပတ်ကာ မျက်မှန်များ၊ ပဝါများနှင့်ပင် ဖြစ်နေပါပကော။ တကယ်ဆိုတော့ လှယဉ်သည် ယခုအခါ ဝိဇ္ဇာဘွဲ့နှင့် ပညာရေးဝိဇ္ဇာဘွဲ့များပင်ရရှိကာ ကျောင်းအုပ်ဆရာမကြီးတစ်ယောက် ဖြစ်နေပြီ မဟုတ်သလော။ ထိုအချိန်က လှယဉ်သည် ယခုအချိန်တွင် ဒေါ်လှယဉ် ဖြစ်နေလေပြီ။

အတန်ကြာ ကြောင်အမ်းနေပြီးမှ "ဟင် လှယဉ်ပါလား" ဟု ဦးသန်းတင့်သည် အများတကာက ဆရာမကြီး ဒေါ်လှယဉ်ဟု ရိုရို

mgyoe.com

သေသေ လေးလေးစားစား ခေါ်ဝေါ်ဆက်ဆံနေကြသော ကျောင်းအုပ်ဆရာမကြီး တစ်ဦးတစ်ယောက်လုံးကို အခြားသူများအလယ်တွင် လှယဉ်ဟု လွတ်ခနဲခေါ်ရင်း ကမ်းထားဆဲဖြစ်သော ထိုအမျိုးသမီး၏ လက်ကို မဝံ့မရဲ ဆုပ်ကိုင်လိုက်၏။

"အင်တာမှာတုန်းက ကျွန်မတို့ အင်္ဂလိပ်စာဌာနက ဆရာဦးသန်းတင့်လေ။ ခုတော့ ဆရာက ကျောင်းကထွက်ပြီး အင်မတန် အောင်မြင်ကျော်ကြားနေတဲ့ တရားဥပဒေသမားကြီးတစ်ယောက်ပေါ့" ဆရာမကြီး ဒေါ်လှယဉ်သည် သူ၏ ဘေးတစ်ဖက်တစ်ချက် ရှေ့နှင့်နောက်ကျောတွင် ခြံရံပါလာသော ဆရာမကြီးငယ်များကို သူ့တပည့်မ မိစုဖခင်နှင့် မိတ်ဆက်ပေးနေ၏။ ယင်းသို့ မိတ်ဆက်ပေးပြီးမှ "ဆရာ့သတင်းကို လှယဉ်ကတော့ အမြဲမေးမြန်း နားထောင်နေလျက်ပါဆရာ" ဟု သူ့ဆရာဟောင်းအပေါ် သူထားရှိသော သဘောထားနှင့် စေတနာများကို ဒေါ်လှယဉ်က သိမ်သိမ်မွေ့မွေ့ ပြောကြားခြင်းပြု၏။

နုနယ်ငယ်ရွယ်စဉ်အခါက ကြည့်၍လှသလို ကြီးရင့်လာသော အခါတွင်လည်း ကြည့်၍ ကျက်သရေရှိလှသော ဆရာမကြီး ဒေါ်လှယဉ်ကို ဦးသန်းတင့်သည် သူ့ဘေးတွင်ရှိနေကြသော သားသမီးများကိုပင် မေ့လျော့ကာ ငေးမောကြည့်ရှုလျက်ရှိ၏။ သူ၏ ဝိညာဉ်မှုကား ပစ္စုပ္ပန်တွင် မရှိတော့ဘဲ အတိတ်တစ်နေရာသို့ ပျံ့လွင့်၍ သွားနေပုံရ၏။

"ရန်ကုန်တက္ကသိုလ်မှာတုန်းက ရှေးဟောင်းနှောင်းဖြစ်တွေအကြောင်း ဆရာနဲ့ အပျင်းပြေ လှယဉ် ပြောခွင့်ရနိုင်ရင် ပြောချင်ပါသေးတယ်ဆရာ။ အချိန်ပေးနိုင်ရင် လှယဉ်နဲ့ ညစာစားဖို့ ဆရာ့ကို ဖိတ်ကြားပါရစေလား" ဟု ဆရာမကြီး ဒေါ်လှယဉ်က မမျှော်လင့်ဘဲ လူချင်းပြန်တွေ့ရခြင်းကို အခွင့်ကောင်းယူကာ ညစာစားဖို့ ဖိတ်ကြားခြင်းပြုလာသောအခါ ဦးသန်းတင့်သည် ဘေးကျပ်နံကျပ် ဖြစ်သွား၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

အဘယ့်ကြောင့်ဆိုသော် သူသည် သူ့ကိုယ်သူ ထိန်းကျောင်းနေရသူ ဖြစ်သောကြောင့်ပင်တည်း။

"ဆရာ အဆင်သင့် မရှိသေးရင်လည်း ရှိပါစေဆရာ။ အချိန်ပေးနိုင်တဲ့ အခါကျတော့မှသာ လှယဉ်ကို သတိရစေချင်ပါတယ်" ဟု ချေချေငံငံနှင့် သိမ်သိမ်မွေ့မွေ့ ပြောကြားပြီးနောက် အခြား ကျောင်းသူကျောင်းသား မိဘများကို လိုက်လံနှုတ်ဆက် စကားပြောကြားရန် ထွက်သွား၏။

ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်နှင့် ဆရာမတစ်သိုက် သူတို့သားအဖအနီးမှ ထွက်သွားသောအခါ ဘေးမှ များစွာ မချင့်မရဲဖြစ်နေပုံရသော မစုက သူ့ဖခင်၏ တင်ပါးကို ခပ်နာနာကလေး ဆိတ်ဆွဲရင်း "ဒါလောက်သဘောကောင်းတဲ့ ဆရာမကြီးကို ဖေဖေ ဆက်ဆံပုံကလည်း ရိုင်းလိုက်တာ လွန်ပါရောလား" ဟု ပြစ်တင်မောင်းမဲခြင်းပြု၏။ ယင်းသို့ သမီးလုပ်သူက ဆိတ်ဆွဲ မောင်းမဲတော့မှပင် ဦးသန်းတင့်သည် ထိုအမျိုးသမီးတစ်ယောက်နှင့် ပြန်လည်တွေ့ဆုံရာတွင် သူ့အနေဖြင့် အဘယ်မျှကယောင်ချောက်ချား ဖြစ်နေခဲ့ရသည်ဆိုသောအဖြစ်ကို သတိရလာပုံပေါ်၏။

လွန်ခဲ့သော ခြောက်လသာသာခန့်လောက်က မစုနှင့် ကိုတူးတို့မောင်နှမနှစ်ယောက် ပညာသင်ကြားလျက်ရှိသော စာသင်ကျောင်းတွင် တစ်နှစ်တစ်ကြိမ် ကျင်းပနေကျဖြစ်သော ကျောင်းသူကျောင်းသားများ၏ ကပွဲသို့ ကျောင်းသားမိဘတစ်ဦးအနေဖြင့် ဦးသန်းတင့်သည် ရောက်ခဲ့ပေါက်ခဲ့ ရောက်ရှိခဲ့၏။ သားနှင့် သမီးများကို ထိုသာသနာပြုကျောင်းတွင် ပညာသင်ကြားခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီဖြစ်သော်ငြားလည်း သူ့အလုပ်နှင့်သူ မအားမလပ်နိုင်အောင် ရှိနေတတ်သော ဦးသန်းတင့်သည် တစ်ခါတစ်ခေါက်မျှ မရောက်ရှိနိုင်ခဲ့ပေ။ သို့ရာတွင် ဖြစ်ချင်လာတော့ တစ်နှစ်တွင် 'ဒေါင်းအိုးဝေ' အက ကကြရန် အခန်းတစ်ခန်း

mgyoe.com

mgyoe.com SAMPLE BOOK

ပါဝင်သော သူ့သမီး မစုကိုယ်တိုင်က သူ့အဖေကို အတင်းအကျပ် ပူဆာသောကြောင့် ဦးသန်းတင့်သည် ကျောင်းကပွဲသို့ လာရောက်ခြင်းပြု ရာမှ အထက်ပါအတိုင်း ထမင်းလုံးတစ္ဆေ အခြောက်ခံလိုက်ရခြင်းမျှသာ ဖြစ်၏။

(၂)

ထိုညက ကျောင်းကပွဲပြီးစီး၍ ပန်းဟောဝန်သို့ ပြန်ရောက်ကြသော အခါ ဦးသန်းတင့်၏ လိပ်ပြာသည် ကိုယ်နှင့်မကွာ ပါမလာတော့ချေ။ ထမင်းလုံးတစ္ဆေ အခြောက်ခံလိုက်ရသဖြင့် လန့်ဖျပ်ကာ တစ်နေရာရာသို့ လွင့်စဉ်သွားပုံရ၏။ တကယ်ဆိုတော့ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှ ယဉ်က သူ့ကို ခြောက်လှန့်လိုက်ခြင်းကား မဟုတ်ပေ။ ကိုယ့်ဟာနှင့် ကိုယ် လိပ်ပြာမလုံဖြစ်ရာမှ လိပ်ပြာသည် ကြောက်လန့်တကြား ထွက်ပြေးသွားခြင်းမျှသာ ဖြစ်၏။

တကယ်ဆိုတော့ လရောင်ပြက်သော ညတစ်ညက တက္ကသိုလ် ရိပ်သာ လမ်းမကြီးတစ်ဝိုက်တွင် ဆရာတစ်ပိုင်းနှင့် ကျောင်းသူကလေး တစ်ဦးတို့ ရက်ရှယ်ကြည့်ရှုရန် စမ်းသပ်ကြည့်ရှုခဲ့ကြသော စိတ်ကူးယဉ် ဇာတ်လမ်းကလေးတစ်ပုဒ်ကို ဆရာတစ်ပိုင်းဖြစ်သူ ဦးသန်းတင့်က သူ့သဘောနှင့်သူ တစ်ပိုင်းတန်းလန်းနှင့် ပြည်ဖုံးကား ချထားခဲ့ခြင်း ဖြစ်သည်မဟုတ်သလော။ သူ့ချစ်သူ ပျောက်သွားသဖြင့် အင်းလျား ကန်စောင်းများတွင် အရူးမလေးလို ပြေးလွှား ရှာဖွေနေခဲ့ရသော တစ်ဖက် မိန်းကလေး၏ ဒုက္ခကို သူသည် ထည့်သွင်းစဉ်းစားခြင်းပင် မပြုခဲ့ပေ။ ထိုမိန်းကလေး၏အလစ်တွင် တက္ကသိုလ်ရိပ်သာလမ်းမကြီးမှ ပန်းခင်း ထားသော လမ်းအတိုင်း သူ့ဘာသာသူ ဖဲ့ဆင်းကာ ပန်းဟောဝန်သို့ ဝင်ပြေးခဲ့ခြင်းဖြစ်၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

တက္ကသိုလ်ရိပ်သာ လမ်းမကြီးတစ်ဝိုက်မှ ထိုစိတ်ကူးယဉ်ဇာတ်လမ်းကို တစ်ဝက်တစ်ပျက်နှင့် ပြည်ဖုံးကား ချထားခဲ့သည်မှာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်လှပေပြီ။ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်မှ မထင်မရှား နည်းပြဆရာကလေး မောင်သန်းတင့်သည် ပန်းဟေဝန်မှတစ်ဆင့် နိုင်ငံကျော် တရားဥပဒေသမားကြီး ဦးသန်းတင့်ပင် ဖြစ်လာခဲ့လေပြီ။ အင်းလျားကန်စောင်းတွင် အရူးမကလေးလို ပြေးလွှား ကျန်ရစ်ခဲ့သော ထိုတပည့်မကလေးတစ်ဦး၏ ကြမ္မာကို သူသည် မစဉ်းစားတော့၊ သတိလည်းမရတော့။ ကောင်းစွာ မေ့လျော့ထားခဲ့ပြီဖြစ်၏။

သို့ရာတွင် တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်တွင် သူ ပစ်ထားခဲ့သော အရူးမကလေးတစ်ယောက်သည် အင်းလျားကန်စောင်းတွင် ရင်ကွဲနာကျကာ သူ့ဇာတ်ကို သူမသိမ်း။ နာရီပိုင်းလောက်ကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်အဖြစ် ဘွားခနဲ ပြန်ပေါ်လာ၏။

"မိလှယဉ်ပါဆရာ။ ရန်ကုန်တက္ကသိုလ်မှာတုန်းက ဆရာ့တပည့်မကလေးတစ်ယောက်ကိုတောင် ဆရာ ကောင်းကောင်း မမှတ်မိတော့ဘူးနဲ့တူတယ်"

ဆရာမကြီး ဒေါ်လှယဉ်က သူ့ကို ယဉ်ယဉ်ကျေးကျေးကလေး စိန်ခေါ်လိုက်ခြင်းမျှသာ ဖြစ်သည် မဟုတ်သလော။ ယခုအခါ လှယဉ်သည် ဥပစာတန်း ကျောင်းသူကလေး မဟုတ်တော့။ ဝိဇ္ဇာဘွဲ့နှစ်ဘွဲ့ ရယူပြီးနောက် အတွေ့အကြုံ များပြားရင့်ကျက်နေပြီဖြစ်သော ဇရာမ မိန်းမကြီးတစ်ဦးဖြစ်၏။

ယင်းသို့ စိန်ခေါ်လာသူကို ဦးသန်းတင့်သည် လက်တုံ့ပြန်ခြင်း မပြုနိုင်ဘဲ ဇက်စင်း၍သာ ခံနေခဲ့ရ၏။ သို့ရာတွင် အင်းလျားကန်စောင်းတွင် အလွမ်းမင်းသမီးအဖြစ်ဖြင့် ကပြခဲ့ရသော ထိုအမျိုးသမီးက စိန်ခေါ်ရုံမျှနှင့် မပြီးသေး၊ ဆိုင်းပါ ဆင့်လိုက်သေး၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ရန်ကုန်တက္ကသိုလ်မှာတုန်းက ရှေးဟောင်းနှောင်းဖြစ်တွေ အကြောင်း ဆရာနဲ့ အပျင်းပြေ လှယဉ် ပြောခွင့်ရနိုင်ရင် ပြောချင်ပါသေးတယ်ဆရာ" ဟု ဆိုလာ၏။

သူသည် ငုတ်တုတ်ခံနေရသော သူတစ်ယောက်မျှသာ ဖြစ်၏။ ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုသောစကားလည်း အရှိသားမဟုတ်လား။

သို့ရာတွင် ဆရာမကြီး ဒေါ်လှယဉ်သည် တရားမျှတသော အားကစားသမားတစ်ဦး ဖြစ်၏။ သူနှင့် ယှဉ်ပြိုင်ရန်အတွက် အဆင်သင့် မရှိသေးသော ပြိုင်ဘက်ကို တရားသဖြင့် ယှဉ်ပြိုင်ခြင်း ပြုလိုဟန်ရှိ၏။ ထို့ကြောင့် "ဆရာအဆင်သင့် မရှိသေးရင်လည်း ရှိပါစေဆရာ။ အချိန်ပေးနိုင်တဲ့ အခါကျတော့မှသာ လှယဉ်ကို သတိရစေချင်ပါတယ်" ဟု သက်သက်ညှာညှာ အချိန်ရွှေ့ပေးခဲ့ခြင်း ဖြစ်တန်ရာ၏။

တစ်ရံရောအခါက ခါးပတ်အောက် မတရား အထိုးခံခဲ့ရသူတစ်ဦး၏ ပြန်လည်စိန်ခေါ်ခြင်းကို သူသည် အဘယ်သို့ ရှောင်ကွင်း၍ ရပါမည်နည်း။ ထိုစိန်ခေါ်ခြင်းကို သူလက်ခံရန် ငြင်းဆန်ပါက သူ့လောက် သူရဲဘောနည်းကြောင်သူ ဤကမ္ဘာလောကကြီးတစ်ခွင် ရှိနိုင်ပါဦးမည်လော။

ကျောင်းကပွဲမှ အိမ်သို့ပြန်ရသော ညကဆိုလျှင် လင်းအားကြီး အချိန်နာရီများအထိ ဦးသန်းတင့်သည် အိပ်စက်၍မရနိုင်အောင် ဖြစ်ခဲ့ရ၏။ စိန်ခေါ်သူ ဒေါ်လှယဉ်နှင့် ယှဉ်ပြိုင်ခြင်း မပြုနိုင်မီ ဦးသန်းတင့်သည် သူ့ကိုယ်နှင့်သူ အချီပေါင်းများစွာ ထိုးသတ်ခြင်း ပြုရဦးမည်ဖြစ်သည် မဟုတ်သလော။ ကိုယ့်ကိုယ်ကိုယ်မှ နိုင်အောင် မထိုးသတ်နိုင်သူတစ်ဦးသည် တစ်ပါးသူနှင့် အဘယ်သို့ ယှဉ်ပြိုင် ထိုးသတ်နိုင်ပါမည်နည်း။

mgyoe.com

ကိုယ့်ကိုယ်နှင့်ကိုယ် ထိုးသတ်ခြင်းပြုရသော အလုပ်လောက် ခက်ခဲပင်ပန်းသောအလုပ် ရှိသလော။ ကိုယ့်ကိုယ်ကိုယ် မချစ်သော၊ မညှာသောသူ အဘယ်မှာ ရှိသနည်း။ ကိုယ့်ကိုယ်ကိုယ် ချစ်သော၊ ညှာသောသူတစ်ဦးသည် ကိုယ့်ကိုယ်ကိုယ် ထိုးသတ်နိုင်စွမ်း ရှိပါမည်လော။

အိပ်ရာထဲတွင် လှဲနေစေကာမူ ဦးသန်းတင့်သည် ချွေးသီးချွေးပေါက်များ ထွက်နေ၏၊ ခြေကုန်လက်ပန်းလည်းကျ၏။ သို့ရာတွင် သူ့ကိုယ်သူ နိုင်အောင် မထိုးသတ်နိုင်ဘဲနှင့် တစ်ပါးသူကို အဘယ်သို့ ရင်ဆိုင်နိုင်စွမ်း ရှိပါမည်နည်း။ သူသည် တစ်ညလုံးလုံး သူ့ကိုယ်နှင့်သူ မညှာမတာ လုံးသတ်ခြင်း ပြုရ၏။ ကိုယ့်လက်သီးချက်ကို ကိုယ်ခံရသော အဖြစ်လောက် ဆိုးရွားသောကိစ္စ ရှိသေးသလော။ အလွန်တရာလည်း နာကျင်၏။ ခံရသဖြင့် နာကျင်ရုံမျှသာ မဟုတ်သေး၊ ထိုးရသည့် အတွက်လည်း ပင်ပန်း၏။ ယင်းသို့ တစ်ညပတ်လုံး ကိုယ့်ကိုယ်နှင့်ကိုယ် လုံးသတ်ခြင်းပြုရသဖြင့် ခြေနှင့်လက်များ မချီနိုင် မ,မနိုင် ဖြစ်တော့မှပင် သူသည် လဲပြိုကျသွား၏။

(၃)

ကိုယ်တွင်းမှ ငယ်သံပါအောင် အော်ဟစ်ကာ လွင့်စဉ်ထွက်ပြေးသွားသော သူ၏ လိပ်ပြာကို သူ့နေရာသူ ပုံမှန်ပြန်လာအောင် ဦးသန်းတင့်သည် ရက်သတ္တ တစ်ပတ်ခန့်နီးပါးမျှ ခေါ်ယူခြင်းပြုရ၏။ သည်တော့မှပင် စိန်ခေါ်လာသူ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်ကို ရင်ဆိုင်နိုင်ရန် အမှုကိစ္စအတွက် သူသည် စဉ်းစားရ၏။ သူ့ကိုယ်သူလည်း ပြင်ဆင်တန်သည်တို့ကို ပြင်ဆင်ရ၏။ တကယ်ဆိုတော့ တစ်ကြိမ်သောအခါက အလစ်တွင် ခါးအောက် အထိုးခံထားရသူတစ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK


၏ ပြန်လည်စိန်ခေါ်ခြင်းကို သူသည် အဘယ်သို့ ခေါင်းခါ၍ ဖြစ်ပါမည်နည်း။ သူသည် ခေတ်ပညာတတ် လူကြီးလူကောင်း သို့မဟုတ် ယောကျ်ားကောင်းတစ်ဦး မဟုတ်နိုင်တော့ဘဲ သူရဲဘောနည်း ကြောင်သူတစ်ဦး ဖြစ်သွားပေလိမ့်မည်။

သို့ရာတွင် တစ်ခုတော့ရှိ၏။ စစ်ဆင်မည့် စစ်သူကြီးတစ်ဦးသည် မိမိရန်သူ၏ အရပ်ရပ် အခြေအနေကို ကောင်းစွာသိရှိထားဖို့ လိုအပ်သည် မဟုတ်သလော။ သို့ရာတွင် တက္ကသိုလ်ရိပ်သာလမ်းမကြီးဘေးတွင် ထိုအမျိုးသမီးကို အလဲထိုးပစ်ထားခဲ့ပြီးကတည်းက သူသည် နောက်ပိုင်းကို ယောင်၍မျှ လှည့်ကြည့်ခြင်း မပြုခဲ့မိပေ။ သူ၏ ပြိုင်ဘက်ကတော့မူ ထိုသို့မဟုတ်ချေ။

"ဆရာ့သတင်းကို လှယဉ်ကတော့ အမြဲ မေးမြန်းနားထောင်နေလျက်ပါဆရာ" ဟု ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားခဲ့သည် မဟုတ်သလော။

သူ့ကို ကောင်းစွာ လေ့လာ နားလည်ထားပုံရသော ထိုပြိုင်ဘက်ကို သူသည် ဘာမျှ မသိရှိရဘဲ ရင်ဆိုင်၍ ဖြစ်ပါမည်လော။ တစ်ကြိမ်က ဆရာသမားဟူသော အထက်အပေါ်စီးနှင့် တပည့်ကျောင်းသူမကလေးတစ်ဦးအပေါ် တစ်ဖက်သတ် အနိုင်ယူခဲ့သလို ယခုတစ်ကြိမ်တွင် ထိုအခွင့်အလမ်းနှင့် အခြေအနေမျိုး သူသည် မရနိုင်တော့ချေ။ သူရင်ဆိုင်ရမည့် ပြိုင်ဘက်သည် သူ့ခြေနှစ်ချောင်းနှင့်သူ အခိုင်အခံ့ ရပ်နိုင်စွမ်းရှိသူဖြစ်သည်မဟုတ်သလော။ ထို့ကြောင့် ယခုတစ်ချီတွင် သူသည် မထိတရိနှင့် ပေါ့ပေါ့တန်တန် လုပ်၍မဖြစ်။ ၎င်းအပြင် သူရင်ဆိုင်ရမည့် ပြိုင်ဘက်သည် ကျားနာဖြစ်နေသည် မဟုတ်သလော။ နာထားသောကျားသည် မာန်ငြိုးကြီးမား၏။

ကျောင်းကပွဲတွင် စိန်အခေါ်ခံခဲ့ရပြီးနောက် ရက်သတ္တနှစ်ပတ်ခန့်

mgyoe.com

mgyoe.com


အကြာတွင် စိန်ခေါ်သူ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်နှင့် ညစာစားပွဲတစ်ခုတွင် ဦးသန်းတင့်သည် ရင်ဆိုင်လိုက်၏။ ညစာတည်ခင်းကျွေးမွေးသူမှာ ဒေါ်လှယဉ်ဖြစ်၏။ အရပ်နေရာမှာလည်း သူ၏ကျယ်ဝန်းသောနေအိမ်တွင်ဖြစ်၏။ ဆရာမကြီး ဒေါ်လှယဉ်၏နေအိမ်တွင် အိမ်သူအိမ်သား များများစားစား မရှိ။ သူ့ကို စောင့်ရှောက်နေသောမုဆိုးမ အဒေါ်ကြီးတစ်ဦးနှင့် သူ ကျောင်းထားပေးရသော တူကလေးတစ်ယောက်တို့သာ ရှိကြ၏။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက်လွတ်လွတ်လပ်လပ်နှင့် အေးအေးချမ်းချမ်း စကားပြောဆိုနိုင်၏။

ဒရိုင်ဘာ ဦးဘခင်ကို ခေါ်ဆောင်လာခြင်း မပြုတော့ဘဲ သူ့ဘာသာသူ မောင်းလာခဲ့သော ဖီးယက်ကားကလေး ညစာစားသောက်ရမည့်အိမ်၏ ဆင်ဝင်အောက်တွင် ထိုး၍ ရပ်သွားသောအခါ အိမ်ရှင်သည်အိမ်ရှေ့တံခါးပေါက်ဝမှ အဆင်သင့် စောင့်ကြိုလျက်ရှိ၏။ ကျောင်းကပွဲတွင် တွေ့ခဲ့စဉ်ကလို မဟုတ်တော့ဘဲ ဒေါ်လှယဉ်ကို များစွာ နုနယ်ငယ်ရွယ်သော မိန်းကလေးတစ်ယောက်လို တွေ့ရ၏။ အိမ်ရှင်သည် ကျောင်းအုပ်ဆရာမကြီး၏ ပုံစံများဖြစ်သော ဘီးစပတ်နှင့် ပဝါများ ဆင်ယင်ထားခြင်း မရှိတော့ဘဲ ဆံပင်ကို တစ်ပတ်လျှို ထုံးထား၏။ သဇင်ပန်းတစ်ခက်ကိုလည်း ပန်ဆင်ထား၏။

"ကနေ့တော့ လှယဉ်ကိုယ်တိုင် မီးဖိုချောင်ကို ဝင်တယ်ဆရာ။ ကျောင်းမှာတုန်းက ဆရာကြိုက်တတ်တဲ့ ဆိတ်သားခပတ်တစ်ခွက်လည်း စပယ်ရှယ်လုပ်ထားတယ်" ဟု ကားပေါ်မှ ဆင်းလာသော ဦးသန်းတင့်ကို အိမ်ရှင်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ရင်း ဧည့်ခန်းဘက်သို့ ခေါ်ဆောင်သွား၏။ ဧည့်သည်သည် ကျန်းမာစိုပြည်၍ ချောတုန်းလှဆဲဖြစ်သော ဒေါ်လှယဉ်ကို နောက်ကျောမှ ငေးစိုက်ကြည့်ရှုရင်း ငြိမ်သက်စွာ လိုက်ပါသွား၏။ သူ၏ရင်ထဲတွင်လည်း များစွာ လှုပ်ရှားလှိုက်ဖို

mgyoe.com

m gyoe com SAMPLE BOOK


လျက်ရှိ၏။

သူသည် ဒေါ်လှယဉ်နှင့်သာ ရင်ဆိုင်လျက်ရှိနေပြီ ဖြစ်စေကာမူ ထိုအမျိုးသမီးသည် ယခုထက်တိုင် အိမ်ထောင်ခြင်း၊ သားမွေးခြင်း အလုပ်အကိုင်များကို လုပ်ကိုင်ခြင်း မပြုသေးသော တစ်ယောက်တည်း သမားဖြစ်သည်ဆိုသော အချက်တစ်ချက်မှလွဲ၍ အခြား ဘာမျှသိရှိသူ တစ်ဦးကား မဟုတ်ပေ။ သို့ရာတွင် သူသည် စစ်မြေပြင်သို့ ရောက်ရှိနေ လေပြီ။ စစ်ပညာ ဝေါဟာရစကားနှင့်သာ ဆိုရပါမူ သူသည် အလွန် တရာ မိုက်တွင်းနက်လှသော စစ်သူကြီးတစ်ဦးမျှသာ ဖြစ်လေသည် တကား။

ညစာ မစားသောက်မီ အိမ့်ရှင်နှင့် သူသည် တစ်နာရီသာသာခန့် မျှ စကားပြောဆိုရ၏။ ညစာစားပွဲသည် တစ်နာရီခန့်မျှကြာ၏။ ညစာ စားသောက်ရင်းလည်း စကားတပြောပြောနှင့် ဖြစ်၏။ ညစာ စားသောက် ပြီးစီးသောအခါ ဦးသန်းတင့်သည် နောက်ထပ် နာရီဝက်သာသာမျှ ညှိသည်လုပ်ရသေး၏။ ထိုညက ဆရာမကြီး ဒေါ်လှယဉ်၏ နေအိမ် တွင် သူသည် နှစ်နာရီခွဲသာသာ သုံးနာရီ နီးပါးခန့်မျှ အချိန်ကုန်လွန် သွား၏။ ၁၅ နှစ်ကျော်ကျော်မျှ လူချင်းကွဲသွားခဲ့ကြပြီးနောက် ပြန်လည် ဆုံစည်းခြင်းဖြစ်ရကား ရှေးဟောင်းနှောင်းဖြစ်များသာမက ကြားကာလ အကြောင်းအရာများကို တစ်ယောက်တစ်လှည့် ပြောဆိုကြ၏။ ပြောဆို ကြသော အကြောင်းအရာများမှာလည်း စုံနေ၏။

ဦးသန်းတင့်သည် ထိုအမျိုးသမီးက သူ့ကို ပညာတတ်များ ရန်ထောင်နည်းကားအတိုင်း ရန်ထောင်လိမ့်မည်ဟု တွက်ခဲ့၏။ ပညာ တတ်များသည် သာသာနှင့်နာနာ တွယ်တတ်ကြသူများ ဖြစ်သည် မဟုတ်သလော။ လူတစ်ဖက်သားကို နာအောင် ပြောလာပြီဆိုသော အခါများတွင် အပြောအဆို ခံရသူသည် ကိုယ့်မျက်နှာကို ဓားနှင့်

mgyoe.com

mgyoe.com  SAMPLE BOOK 

လှိုးပစ်လိုက်ချင်အောင် ပြောလား ပြောတတ်ကြ၏၊ သို့မဟုတ် ရေထဲ ဆင်းသေချင်အောင်လည်း ပြောဆိုတတ်ကြသည် မဟုတ်သလော။

သို့ရာတွင် လက်တွေ့တွင်မူကား ဆရာမကြီး ဒေါ်လှယဉ်သည် ဝတ်လုံတော်ရ ဦးသန်းတင့်အထင်နှင့်ပါ စင်အောင် လွဲနေ၏။ တစ်ကြိမ် သောအခါက ဘဝခရီး၏ လမ်းမကြီးပေါ်တွင် သူ ပစ်ထားခဲ့သဖြင့် ထိုအမျိုးသမီးသည် ငိုယို၍ ကျန်ရစ်ခဲ့ရသူလည်းဖြစ်၏။ အလွမ်း မင်းသမီး လုပ်ခဲ့ရရှာသူလည်းဖြစ်၏။ သို့ရာတွင် ဆရာမကြီး ဒေါ်လှယဉ် သည် သူ့အပေါ် ရက်ရက်စက်စက် လုပ်ကိုင်သွားခဲ့သူတစ်ဦးပေါ် ရန်ငြိုး မဖွဲ့၊ အာဃာတလည်းမထား။ ခွင့်လွှတ်လျက်ရှိသည့်တိုင်အောင် စကားနာလေးလောက်တော့ ထိုးလိမ့်မည်ဟု ထင်စရာရှိ၏။ သို့ရာတွင် ထိုခေတ်ပညာတတ် အမျိုးသမီးသည် သူ့စိတ် လှုပ်ရှားစေမည့် စကား တစ်ခွန်းတစ်ပါဒမျှပင် မဟ၊ အလွန်ကြီးမြတ်သော မိန်းမသားဖြစ်၏။

တစ်ကြိမ်သောအခါက သူ့တပည့်မဖြစ်ခဲ့သော မိန်းကလေး တစ်ဦး၏ ခွင့်လွှတ်ခြင်းနှင့် ကြီးမြတ်မှုကို တွေ့လိုက်ရသောအခါ လူကြီးလူကောင်းတစ်ဦးလုပ်နေသော ဦးသန်းတင့်သည် သူ့ဘာသာသူ ရှက်သွား၏။ သူ၏ အားနည်းချက်ကို ပို၍ တွေ့မြင်လာ၏။

"ဆရာ့မှာ ဆရာ့အကြောင်းနဲ့ဆရာ ဝေဝေ့ကို လက်ထပ်သွား ပေမဲ့ လှယဉ်ကတော့ ဆရာ့အပေါ် ဘယ်လိုမှ သဘောမထားခဲ့ပါဘူး။ ဆရာ့နေရာမျိုးမှာ လှယဉ် ရှိနေမယ်ဆိုရင်လည်း ဆရာ့လမ်းကြောင်း အတိုင်း လှယဉ် လျှောက်လိုက်ခဲ့မှာပါပဲဆရာ"

သူနှင့် နှစ်ယောက်သား စိတ်ကူးယဉ်ဇာတ်လမ်းကလေး တစ်ပုဒ် ကို တည်ဆောက်နေရာမှ ထိုဇာတ်လမ်းကို တစ်ဝက်တစ်ပျက်နှင့် ထားပစ်ခဲ့ပြီး သူ့သဘောနှင့်သူ ဇာတ်လမ်းတစ်ပုဒ်ရေးခဲ့သော ပြစ်မှုကိုပင် ဒေါ်လှယဉ်သည် တရားခံမွှနှင့်ယှဉ်၍ ခွင့်လွှတ်၏။ သူသည် ထိုကဲ့သို့

mgyoe.com

mgyoe.com SAMPLE BOOK


ခွင့်လွှတ်နိုင်စွမ်းရှိသော မိန်းမသားတစ်ယောက်ကို စွန့်ထားပစ်ခဲ့သည့်အတွက် ကြီးစွာ နောင်တရမိ၏။ သို့ရာတွင် လွန်ပြီးသွားသောအမှုကို ဘယ်သူ ဘာတတ်နိုင်သနည်း။ ပြန်ခေါ်၍ ရနိုင်ကောင်းသော အမှုကိစ္စလည်း မဟုတ်။

"ဆရာနဲ့ ဝေဝေတို့ ကွဲကြတုန်းကလည်း လှယဉ် တော်တော်ကြီး စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်ဆရာ။ ဆရာ့သတင်းကို အမြဲ စိတ်ဝင်စားနားထောင်နေတဲ့ တပည့်မကလေးတစ်ယောက်အနေနဲ့ ဆရာတို့အိမ်ထောင်ကြီး ပျက်စီးသွားခဲ့ရတဲ့ အကြောင်းကိုလည်း နားစွန်နားဖျားကြားရသမျှ လှယဉ် ဂရုတစိုက် နားထောင်ခဲ့ပါတယ်"

ဦးသန်းတင့်သည် ကြားနာရသူသက်သက်ကဲ့သို့ ဖြစ်နေ၏။

"တကယ်ဆိုတော့ ခုလို အိမ်ထောင်ကြီးတစ်ခု လူသိရှင်ကြား ပျက်စီးသွားရတဲ့ကိစ္စမှာ ဝေဝေ့ထက် ဆရာ့အပေါ်မှာ အဓိက တာဝန်ရှိလိမ့်မယ် ထင်ပါတယ်။ ဝေဝေ့မှာ သူ့အဘိဓမ္မာနဲ့သူ ရှိသလို ဆရာ့မှာလည်း ဆရာ့အဘိဓမ္မာနဲ့ ဆရာ ရှိတယ်မဟုတ်လား ဆရာ။

"အိမ်ထောင်ကြီးတစ်ခုမှာ မတူတဲ့ အဘိဓမ္မာနှစ်ခုနဲ့ ရေရှည်ဘယ်လိုခရီးသွားလို့ ရနိုင်ပါ့မလဲ ဆရာ။ ဒီလိုဆိုလိုက်တဲ့အတွက် အဘိဓမ္မာနှစ်ခု မရှိရဘူးလို့တော့ လှယဉ် မဆိုလိုပါဘူး။ ဒါပေမဲ့ အဘိဓမ္မာရှင် တစ်ဦးနဲ့တစ်ဦး သင့်တင့်လျော်ကျပတ်တဲ့ အပေးအယူနဲ့ အလျှော့အတင်းမျိုး ရှိကြဖို့လိုတယ်။

"လှယဉ်က ရာဇဝင်ကြွေးဆပ်တဲ့အနေနဲ့ ဆရာ့ကို ဩဝါဒ ပေးနေတာတော့ မဟုတ်ပါဘူး။ စာနာစိတ်နဲ့ လှယဉ် နားလည်ထားတာကို ပြန်ပြောပြနေတာပါဆရာ"

သူကချည်း တစ်ဖက်သတ် ပြောဆိုနေရခြင်းကို သတိရလာသကဲ့သို့ ဒေါ်လှယဉ်က သူ့စကား၏ ကလနားကို ယဉ်ယဉ်ကျေးကျေး

mgyoe.com

mgyoe.com  SAMPLE BOOK 

ပြန်၍ သတ်လိုက်၏။ ထိုအမျိုးသမီး ပြောဆိုသွားသော အချက်အလက်များသည် အလွန်တရာ စိတ်ဝင်စားစရာကောင်းသကဲ့သို့ ညဉ့်သည် ငြိမ်သက်စွာ နားထောင်နေ၏။ အထူးသဖြင့် မတူသော အဘိဓမ္မာချင်း အပေးအယူနှင့် အလျှော့အတင်းဆိုသော ကိစ္စကို သူသည် စိတ်ဝင်စား၏။ စားသောက်ပြီးစီး၍ ညဉ့်ခန်းတွင် နာရီဝက်သာသာခန့် ဆက်လက်ပြောကြားရစဉ် ဒေါ်လှယဉ်သည် နောက်အိမ်ထောင်အသစ် ထူခြင်းမရှိဘဲ သားသမီးများနှင့် ဖြစ်သလို နေထိုင်လျက်ရှိသော သူ့ဆရာဟောင်း သမားဟောင်းနှင့် ချစ်သူဟောင်းအပေါ် သူ ထားရှိဆဲ စေတနာကို မသိမသာ ပြောကြားသွား၏။

"အိမ်ရှင်မ မယားမရှိဘဲ သားသမီးတွေနဲ့ တစ်အိုးတစ်အိမ်ထောင်ပြီး နေရတဲ့အလုပ်ဟာ တော်တော် ယောင်တီးယောင်တနိုင်တဲ့ အလုပ်လို့ ပြောသံကြားဖူးတယ်ဆရာ။ ဟုတ်၊ မဟုတ်တော့ သေသေချာချာ မပြောနိုင်ဘူးပေါ့လေ" ဟု အိမ့်ရှင်က စကားနှိုက်လာသောအခါ ဦးသန်းတင့်သည် ပြုံး၍ နားထောင်နေရ၏။ သဘာဝမကျသော အလုပ်အကိုင်မျိုးလုပ်ကိုင်နေရသူတစ်ဦးသည် သူ့ကိုယ်သူ အသိဆုံးဖြစ်သည် မဟုတ်သလော။

"ဆရာ့မှာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ပတ်သက်လို့ အကျပ်အတည်းပဲဖြစ်ဖြစ်၊ အခက်အခဲပဲဖြစ်ဖြစ် ရှိလာလို့ ဆရာ့သဘောနဲ့ဆရာ တိုင်ပင်ချင်ရင် လှယဉ်ကို အချိန်မရွေး တိုင်ပင်နိုင်ပါတယ်ဆရာ။ ကျေးဇူးရှင် ဆရာသမားတစ်ယောက်အနေနဲ့ တတ်နိုင်သမျှ ကူညီဖို့ လှယဉ်အဆင်သင့် ရှိနေတတ်ပါတယ်"

ထိုစကားသည် နောက်ဆုံးပိတ် အမှာစကားပင်ဖြစ်၏။ အိမ့်ရှင်၏ စေတနာနှင့် သဘောထားလည်း ဖြစ်၏။

အိမ်သို့ပြန်ရန် ထိုင်ရာမှအထတွင် "ဆရာ့အပေါ်မှာ လှယဉ်

mgyoe.com

mgyoe.com
SAMPLE BOOK


ဒါလောက် သဘောထားကြီးပြီး စေတနာ ထားနိုင်သေးတာကို ခုလို တွေ့ရတော့ ဆရာ ဘယ်လို ပြန်ပြောရမှန်း မသိတော့ပါဘူးကွယ်” ဟု ဦးသန်းတင့်က လှိုက်လှိုက်လှဲလှဲ ပြောဆို၏။

အိမ်ရှင် ဒေါ်လှယဉ်သည် နောက်ထပ် ပြောကြားရန် စကား မရှိသကဲ့သို့ နောက်ထပ် ဘာမျှ ပြန်လည်ပြောဆိုခြင်း မရှိတော့။ သူ့ဧည့်သည်ကို ကားပေါ်ရောက်သည်အထိ ငြိမ်သက်စွာ လိုက်လံပို့ဆောင်၏။

(၄)

ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ် တည်ခင်းကျွေးမွေးသော ညစာ စားသောက်ပြီးစီး၍ ဦးသန်းတင့် ပန်းဟောဝန်သို့ ပြန်ရောက်သော အခါ ၉ နာရီခွဲသွားပေပြီ။ အခါတိုင်း ကိုးနာရီဆိုလျှင် စာကျက်ပြီးစီး၍ သူ့အိပ်ရာသို့ ရောက်ရှိနေတတ်သော ထိုမိန်းကလေးသည် အိပ်ရာထဲသို့ မဝင်သေးဘဲ သူ့အဖေကို တိုက်နေကျ အိုဗာတင်းတိုက်ရန် အဆင်သင့် ပြင်ဆင်၍ စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။

မစုသည် အိုဗာတင်း ဖျော်ထားသော ပန်းကန်ကို လှမ်းပေးရင်း “မစုတို့ ဆရာမကြီးအိမ်က ဘာဟင်းတွေနဲ့များ ကျွေးလိုက်သလဲဟင် ဖေဖေ” ဟု စတင်စစ်မေး၏။

ပန်းဟောဝန်၏ အိမ်ရှင်မကြီးကို မဖြေ၍ မဖြစ်သေးရကား “ဟင်းတွေကတော့ စုံနေတာပါပဲ မစုရယ်” ဟု တိုတိုတုတ်တုတ် ပြန်လည် ဖြေကြားရင်း အိုဗာတင်းပန်းကန်ကို သူသည် ရှင်းလင်းလိုက်၏။

သို့ရာတွင် အမယ်ကြီးကလေးတစ်ယောက်လို စေ့စပ်သေချာ တတ်သော မစုက သူ့အဖေကို ထိုမျှလောက်နှင့် လွှတ်မပေးသေးဘဲ “ဟင်းတွေ စုံတာကိုတော့ ထားပါတော့ ဖေဖေရယ်၊ ချက်တာ ပြုတ်တာ ကကော ကောင်းရဲ့လား” ဟု စပ်စုလာပြန်၏။

mgyoe.com

mgyoe.com SAMPLE BOOK


"ကောင်းပါတယ် သမီးရဲ့"

"ဖေဖေ ခံတွင်းကော တွေ့ရဲ့လားဟင်" ဟု မစုက ပုလိပ်စစ်စစ်လာသောအခါ တရားဥပဒေသမားကြီးသည် အောင့်သက်သက်နှင့်ပင် "စားလို့တော့ ကောင်းသားပဲလေ" ဟု မျက်နှာလွှဲ၍ ဖြေကြားခြင်း ပြုရပြန်၏။

"ဒါဖြင့် ဖေဖေ တော်တော် စားပစ်ခဲ့ပြီထင်တယ်" ဟု မစုက ဆက်လာသောအခါ ဦးသန်းတင့်သည် သမီးလုပ်သူကို ဦးချချင်စိတ်များပင် ပေါက်လာ၏။ သို့ရာတွင် ထိုအလုပ်အကိုင်မျိုးသည် လက်တွေ့လုပ်၍ကိုင်၍ ဖြစ်နိုင်ကောင်းသောအလုပ် မဟုတ်သဖြင့် "သမီး အိပ်ရာဝင်တော့လေ၊ ဖေဖေ အလုပ်နည်းနည်း လုပ်စရာရှိသေးတယ်" ဟု အလုပ်ကို အကြောင်းပြကာ မိန်းကလေးကို ရှင်းလင်းရန် အားထုတ်ရ၏။

"မစုတို့ ဆရာမကြီးအိမ်က ဖိတ်ကျွေးတဲ့ ညစာကိုတော့ သွားစားခဲ့ပြီး ကိုယ်ကတစ်လှည့် ပြန်ဖိတ်မကျွေးလို့ မဖြစ်သေးဘူးထင်တယ် ဖေဖေ" ဟု သူ၏ အိမ်ခန်းအတွင်းသို့ ပြန်လှည့်ဝင်မသွားသေးဘဲ မစုက အဆိုသစ်တစ်ခုကို ထပ်မံ တင်ပြလာပြန်၏။

ထိုမိန်းကလေး၏ အဆိုပြုချက်သည် လမ်းကျသောစကားဖြစ်၏။ သို့ရာတွင် ထိုသို့ အဆိုပြုလိုက်သော သမီးဖြစ်သူကို ဦးသန်းတင့်သည် များစွာ ထိတ်လန့်အံ့ဩသွားပုံရ၏။ ပန်းဟောဝန်သို့ အလုပ်ကိစ္စနှင့်ဖြစ်စေ၊ အလည်အပတ်ဖြစ်စေ လင်သားမရှိသော အမျိုးသမီးများ လာရောက်ကြသော အခါများတိုင်း သုန်သုန်မှုန်မှုန် ဆက်ဆံတတ်သော ထိုမိန်းကလေးသည် သူ့ဆရာမကြီးနှင့်ကျတော့ တစ်မျိုးဖြစ်လာ၏။

"ရှေ့အပတ် တနင်္ဂနွေနေ့လောက် ညစာစားဖို့ မစုတို့ ဆရာမကြီးကို ဖိတ်ပါလား ဖေဖေ" ဟု ထိုမိန်းကလေးက ရက်ကန့်သတ်လာ

mgyoe.com

 mgyoe.com SAMPLE BOOK 

သောအခါ "ဖေဖေက ခုတစ်လော အလုပ်တွေများနေသေးလို့ အေးအေး ဆေးဆေးတော့ ဖိတ်ကျွေးကြတာပေါ့ မစုရယ်" ဟု လှည့်ပတ်ပြော ဆိုပြီးနောက် ထိုမိန်းကလေးနှင့်လွတ်အောင် ဦးသန်းတင့် သူ့စာကြည့် ခန်းဘက်သို့ ခပ်သုတ်သုတ် လစ်ပြေးလာခဲ့ရ၏။

ထိုညက စာကြည့်ခန်းအတွင်း၌ တခြားဘာအလုပ်မှ မလုပ်ဖြစ် နိုင်ဘဲ ဦးသန်းတင့်သည် နှစ်နာရီသာသာခန့် အချိန်ကုန်လွန်သွား၏။ ၁၂ နာရီထိုးခါနီးမှ သူသည် တစ်ရေးနိုးတွင် စစ်ဆေးကြည့်ရှုတတ် သော သူ့သမီးကိုလန့်၍ သူ့အိပ်ခန်းသို့ ပြန်ဝင်လာခဲ့ရ၏။ မည်ကဲ့ သို့ပင်ဖြစ်စေ စာကြည့်ခန်းအတွင်း၌ သူသည် ဆရာမကြီး ဒေါ်လှယဉ် နှင့်အတူ ညစာစားသောက်ခဲ့ရသော အကြောင်းအရာများကို နှစ်နာရီ ခန့်မျှ စားမြုံ့ပြန်ခဲ့ပြီးလေပြီ။

မစုနှင့် ကိုတူးတို့၏ မိခင်ဖြစ်သူ ဝေဝေနှင့် ကွဲသွားပြီးနောက် စိတ်ဝင်စားစရာကောင်းသော အမျိုးသမီး အများအပြား သူသည် တွေ့ကြုံဖြတ်သန်းခဲ့ရဖူး၏။ သို့ရာတွင် သူသည် တစ်ယောက်တလေ ကိုမျှ စိတ်ဝင်စားခြင်း မရှိခဲ့၊ စိတ်လှုပ်ရှားခြင်းများ မရှိခဲ့။ နကမ္ဘတိ သက်သက်မျှသာဖြစ်၏။

အသက်အရွယ်နှင့် အချိန်ရှိသေးသည့်အပြင် များစွာ ကျန်းမာ ရေးကောင်းမွန်နေဆဲဖြစ်သော အထီးသတ္တဝါတစ်ကောင်အနေဖြင့် စိတ် သာယာစရာ၊ ညွတ်နူးစရာနှင့် စိတ်ဝင်စားစရာကောင်းသော ဆန့်ကျင် ဘက်လိင်များကို နကမ္ဘတိ ဖြစ်နေရခြင်း၌ ဦးသန်းတင့်တစ်ယောက်တွင် အခြားအကြောင်းတော့ မရှိ။ သူ့သမီး မစုနှင့် သား ကိုတူးတို့၏ ရှေ့ရေး ကို များစွာ အလေးထား စဉ်းစားနေရခြင်းကြောင့် ဖြစ်၏။ သူ၏ မိဘ နှစ်ပါးသည် သားလုပ်သူအပေါ် အစဉ်းစား၊ အညာတာ မရှိခဲ့ကြသဖြင့် သူသည် မိဘမဲ့ဘဝကို ရောက်ခဲ့ရသူဖြစ်၏။ သားဖြစ်သူကို မျက်လုံး

mgyoe.com

 mgyoe.com SAMPLE BOOK 

သူငယ်နှင့် စွန့်ခွာပစ်ထားခဲ့ကြပြီးနောက် သူတို့ဟာသူတို့ အိုးသစ်အိမ်သစ်များ အသီးသီး ထူထောင်သွားခဲ့ကြသော မိဘနှစ်ပါးတို့၏ဒဏ်ကို ခါးခါးသီးသီး နာနာကျင်ကျင် ခံလာခဲ့ရသူတစ်ဦးလည်း ဖြစ်၏။ သူခံခဲ့ရသော အဖြစ်မျိုးနှင့် ဒဏ်မျိုးကို သူ့သားသမီးများအား ဦးသန်းတင့်သည် အနည်းငယ်မျှ မကျခံစေလို။ ထိုသို့ သားနှင့်သမီးကိုငဲ့ကာ သူသည် ထိန်းသိမ်းခြိုးခြံခဲ့ရခြင်းဖြစ်၏။ သူ့ဘဝကို သူ သည်းညည်းခံ နေထိုင်နိုင်လာခဲ့ခြင်းလည်းဖြစ်၏။

သို့ရာတွင် မျှော်လင့်မထားသော သူ၏ ငယ်ချစ်ဟောင်း ဆရာမကြီး ဒေါ်လှယဉ်နှင့် ဗြုန်းစားကြီး ပြန်လည်ဆုံစည်းခြင်းပြုရသောအခါတွင် ယခင်ကာလများက သူ့ကိုယ်သူ ခြိုးခြံနိုင်စွမ်း၊ ထိန်းသိမ်းနိုင်စွမ်းများ ရှိခဲ့သော ဦးသန်းတင့်သည် ကယောင်ချောက်ချား ဖြစ်သွားခဲ့ပုံရ၏။ သူ နိုင့်ထက်စီးနင်းနှင့် တစ်ဖက်သတ် လုပ်ပစ်ခဲ့သော ထိုအမျိုးသမီးသည် ယခုထက်တိုင် သူ့အပေါ် ခွင့်လွှတ်လျက်ရှိရုံလောက်မျှသာမက သူ့တွင် အကူအညီလိုလျှင် တတ်နိုင်သမျှ အကူအညီပေးရန် အသင့်ရှိနေကြောင်း သိရှိလာရသောအခါ ဦးသန်းတင့်သည် စမ်းသာဝမ်းနည်းဖြစ်ခဲ့ရ၏။

ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်ကိုယ်တိုင် မီးဖိုချောင်သို့ဝင်ကာ ချွေးတလုံးလုံးနှင့် ချက်ပြုတ်ကျွေးမွေးလိုက်သော ညစာစားသောက်ပြီးစီး၍ အိမ်တွင် ပြန်လည်အိပ်စက်ရသောညက မမြင်ရ၊ မမက်ရသည်မှာ နှစ်ကာလ ကြာမြင့်လှပြီဖြစ်သော အိပ်မက်များပင် ဦးသန်းတင့်သည် ပြန်လည်မြင်မက်ခွင့် ရရှိ၏။ ထိုအိပ်မက်သည် အလွန်တရာ နူးညံ့သိမ်မွေ့၏။ ပြီးတော့ အလှအပများနှင့်လည်း ဆင်ယင်ထုံးဖွဲ့၍ထား၏။

mgyoe.com

 mgyoe.com SAMPLE BOOK 

(၅)

အောင်မြင်ကျော်ကြားနေသော ဦးသန်းတင့်ကတော် လုပ်ချင်၊ ဖြစ်ချင်ကြ၍ ဝိုင်းဝိုင်းလည်နေခဲ့ကြသော မယ်မင်းကြီးမများအကြားမှ သားနှင့်သမီး၏ ရှေ့ရေးကို စဉ်းစားမျှော်ရှုကာ သူ့ကိုယ်သူ ၁၀ နှစ် သာသာခန့်မျှ ထိန်းသိမ်းနေထိုင်ခြင်းပြုခဲ့သော ဦးသန်းတင့်သည် လွန်ခဲ့သော ခြောက်လခန့်လောက်ကမှ သူ့သမီး မစုနှင့် ဆက်နွယ်၍ သူ့ဘဝ ပတ်ဝန်းကျင်သို့ ဖြုန်းစားကြီး ထိုးဖောက်ဝင်ရောက်လာသော သူ၏ ငယ်ချစ်ဟောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်နှင့် ဆုံစည်းခဲ့ရခြင်း ပင်ဖြစ်၏။

သူ့ကို ခွင့်လွှတ်လျက် နှစ်လိုကြည်ဖြူလျက် ရှိနေသေးသော ထိုအမျိုးသမီးတစ်ယောက်နှင့် ပြန်လည်ဆုံစည်းရသောအခါ ဦးသန်းတင့်သည် အသက် ၄၀ ကျော်လွန်လာခဲ့ပြီဖြစ်သော လူကြီးတစ်ဦး တစ်ယောက် ဖြစ်စေကာမူလည်း များစွာ လှုပ်ရှားခဲ့၏။ လူသည်လည်း မငြိမ်မသက် ဖြစ်ခဲ့ရ၏။ သူသည် များစွာ ချင့်ချိန်တတ်သကဲ့သို့ စဉ်းစားချင့်ချိန်ခြင်းလည်း ပြုသူဖြစ်သဖြင့် သူ၏ဦးခေါင်းကို အေးအေး ဆေးဆေး ထားရှိကာ ကောင်းစွာ စဉ်းစားဝေဖန်ခဲ့၏။ ရင်တွင်း၌ လှုပ်လှုပ်ရှားရှားဖြစ်တတ်သော နှလုံးသားကိုလည်း ငြိမ်ငြိမ်သက်သက်ရှိ အောင် ထိန်းချုပ်ကာ ရှေ့နောက်ဝဲယာ ချင့်ချိန်စဉ်းစားခဲ့၏။ ယင်းသို့ စဉ်းစားနိုင်လွန်း၊ ချင့်ချိန်နိုင်လွန်း၍သာ သူ့ကိုယ်သူ အပြီးအပြတ် ဆုံး ဖြတ်ချက် မချမှတ်သေးခဲ့ခြင်းဖြစ်၏။ ချီတုံချတုံ လုပ်နေခဲ့ခြင်းဖြစ်၏။

ယင်းသို့ လူချင်း တစ်ယောက်နှင့်တစ်ယောက် ပြန်လည် သင့်မြတ်ရေးနှင့် ဆက်ဆံရေးများ စတင်ခဲ့သော လွန်ခဲ့သော ခြောက်လ သာသာလောက်အတွင်း ဆရာမကြီး ဒေါ်လှယဉ်သည် ပန်းဟောဝန်သို့ နှစ်ကြိမ်မျှ ရောက်ရှိခဲ့ဖူး၏။ ပထမအကြိမ်မှာ သူ့သမီး မစုက အတို့

mgyoe.com

mgyoe.com SAMPLE BOOK

အလှည့်အနေဖြင့် ညစာ ဖိတ်ကျွေးခိုင်းသောကြောင့်ဖြစ်၏။ ဒုတိယ တစ်ကြိမ်မှာ သူ့သားငယ် ကိုတူး၏ ရင်ကျပ်ပန်းနာရောဂါ သည်းထန်၍ အလွန်တရာ စိုးရိမ်ရသော တစ်ချိန်ကဖြစ်၏။ ယင်းသို့ ဒေါ်လှယဉ်သည် ပန်းဟေဝန်သို့ နှစ်ကြိမ်မျှလောက်သာ ရောက်ရှိခဲ့သော်လည်း ဦးသန်းတင့်ကတော့မူ ထိုအမျိုးသမီးကြီး နေအိမ်သို့ ၁၀ ကြိမ်ထက် မနည်း ရောက်ပေါက်ခဲ့၏။ သို့ရာတွင် အကြိမ်ပေါင်း ထိုမျှရောက်ရှိခဲ့သော်လည်း ဦးသန်းတင့်သည် သူ့သမီး မစုကို သုံးကြိမ်မျှလောက်သာ တရားဝင် အသိပေး၏။ ကျန်အကြိမ်များမှာ သူ့သမီး မသိရှိရအောင် ပြောက်ကျားဝင်ရခြင်းဖြစ်၏။ ပြောက်ကျားဝင်ရသော ကိစ္စဖြစ်၍ သူသည် ခိုးကြောင်ခိုးဝှက် လုပ်လား လုပ်ရ၏၊ ပိပိရိရိလည်း လုပ်ရ၏။

မစုသည် သူ့ဖခင်နှင့် သူ့ဆရာမကြီးတို့၏ ဆက်ဆံရေးကို ဘာမျှ သံသယဖြစ်ပုံ မရပေ။ သူတို့ဆရာ တပည့်ချင်း ဆက်ဆံရေး ဟူ၍ လောက်သာ ရိုးရိုးသားသားပင် ထင်မှတ်အောက်မေ့လျက်ရှိ၏။ ထို့ကြောင့် သူ၏ ကျောင်းသူ သူငယ်ချင်းများအကြားတွင် သူတို့ ကျောင်းအုပ်ဆရာမကြီးသည် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်တွင် ပညာသင်ကြားခဲ့ရစဉ်က သူ့ဖခင်၏ တပည့်မ ကျောင်းသူကလေးတစ်ဦး ဖြစ်ခဲ့ကြောင်းပင် ဂုဏ်ယူပြောကြားခြင်း ပြုတတ်၏။ ၎င်းအပြင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်ကလည်း သူ့ဆရာ၏ သမီးဖြစ်သူကို ယခင်အခါများကထက် အရေးတယူ ခေါ်ပြောဆက်ဆံခြင်း ပြုလာသဖြင့် ငယ်ရွယ်သူ မစုသည် များစွာ အားရ ကျေနပ်လျက် ရှိနေပုံပါရ၏။

ဦးသန်းတင့်သည် လွန်ခဲ့သော ခြောက်လသာသာခန့်အတွင်း ဆရာမကြီး ဒေါ်လှယဉ်၏နေအိမ်သို့ ၁၀ ကြိမ်ထက်မနည်း အလည်အပတ် ရောက်ရှိခဲ့သည်ဆိုသော်လည်း ခပ်စောစောပိုင်းကသာ တစ်လ တစ်ကြိမ်လောက် ရောက်ရှိတတ်ပြီး နောက်ပိုင်းတွင်မူကား တဖြည်းဖြည်း

 mgyoe.com SAMPLE BOOK 

စိပ်သည်ထက် စိပ်လာ၏။ ကုန်လွန်ခဲ့သော နှစ်လခန့်အတွင်း သူသည် ထိုအိမ်သို့ တစ်လ နှစ်ကြိမ်လောက်ပင် ရောက်ရှိခဲ့သည်အထိ ဖြစ်၏။

သူကသာ သတိမထားမိသော်လည်း ဆရာမကြီး ဒေါ်လှယဉ်၏ နေအိမ်တွင် သူသည် များစွာ သာယာပျော်ရွှင်လျက်ရှိ၏။ ဆရာမကြီး သည် အလွန်တရာ ဧည့်ဝတ်စောင်ဝတ်ကျေပွန်သော အိမ်ရှင်တစ်ဦး ဖြစ်ရုံသာမက သူနှင့် ထွေရာလေးပါးအကြောင်း စကားအပြန်အလှန်နှင့် အပေးအယူ ပြောဆိုကြရာတွင်လည်း အလွန်တရာ ဘက်ညီသော အတွဲဖြစ်၏။ ပညာတတ်များဖြစ်၍ စာအကြောင်းပေအကြောင်း ပြောဆို ကြရာတွင်လည်း တစ်ယောက်နှင့်တစ်ယောက် သဘောထားပုံချင်း၊ အမြင်ချင်း တူညီကြသည်ကသာ များ၏။ လူမှုရေးအကြောင်းများ ပြောဆိုကြသော အခါများ၌လည်း တစ်ယောက်နှင့်တစ်ယောက် ရင်ကြား မစေ့နိုင်လောက်သော ကွဲလွဲမှုများ မရှိချေ။ သီကာပွတ်ကာမျှသာဖြစ်၏။

သူ များစွာ ခင်မင်လေးစားပုံရသော ဆရာသမားဟောင်း သူ့နေ အိမ်သို့ လာရောက်လည်ပတ်တတ်သောအခါများတွင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော စားဖွယ်သောက်ဖွယ်ရာများနှင့်လည်းကောင်း၊ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများ ပြောဆိုကာလည်းကောင်း ဧည့်ခံတတ်ရုံမျှသာမက တစ်ခါတစ်ခါ ဆရာမကြီး ဒေါ်လှယဉ်သည် သူ့အိမ်တွင်ရှိသော ပီယာနိုတီး၍လည်း နှစ်သိမ့်ခြင်း ပြုတတ်၏။ ထိုအမျိုးသမီးသည် ရှေးရိုးစံထား မြန်မာတေးသီချင်းများကို နားဝင်ပီယံ ဖြစ်အောင် တီးခတ်တတ်သကဲ့သို့ နိုင်ငံတကာမှ ထင်ရှားကျော်ကြားသော တေးသီချင်းများကိုလည်း နားထောင်၍ကောင်းအောင် တီးခတ်တတ်၏။

ယင်းသို့လျှင် ၁၅ နှစ်ကျော်ကျော် အဆက်ပြတ်သွားခဲ့သော သူတို့နှစ်ဦး၏ ဆက်ဆံရေးကို ခြောက်လသာသာခန့်တွင် ဝတ်လုံတော်ရ ဦးသန်းတင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်တို့သည် ပြန်လည်

mgyoe.com

mgyoe.com SAMPLE BOOK


ဆန်းသစ်ခဲ့ကြ၏။ သူတို့အသီးသီး၏ ရင်ထဲ၊ နှလုံးထဲတွင် အဘယ်သို့ရှိနေ၊ ဖြစ်နေကြသည်ကို ကာယကံရှင်များသာ အသိနိုင်ဆုံး ဖြစ်တန်ရာ၏။ သို့ရာတွင် သူတို့နှစ်ဦး၏ ဆက်ဆံရေးမှုကား ခင်မင်ရင်းချာသော အသိမိတ်ဆွေနှင့် ဆရာသမားများ၏ နယ်နိမိတ်စက်ဝန်းနှင့် စည်းမျဉ်းဘောင်အတွင်း၌သာ ရှိမြဲရှိနေကြသေး၏။ ထိုနယ်နိမိတ်စက်ဝန်းနှင့် စည်းမျဉ်းဘောင်တို့ ဖောက်ထွက်ကျော်လွှားခြင်းပြုရန်တာဝန်မှာ အထီးဖြစ်သော ဦးသန်းတင့်၏ လုပ်ငန်းမျှသာ ဖြစ်သည် မဟုတ်သလော။ သို့ရာတွင် ယခုအချိန်အထိ စဉ်းစားချင့်ချိန်မှုနှင့် ထိန်းသိမ်းမှုအားကောင်းသူတစ်ဦးဖြစ်ရကား တရားဥပဒေသမားကြီး ဦးသန်းတင့်သည် သူ့ကိုယ်သူ ကောင်းစွာ ချုပ်ကိုင်ထားနိုင်ဆဲ ဖြစ်လေ၏။

■

mgyoe.com

mgyoe.com SAMPLE BOOK

ပ ဋ္ဌိ ပ က္ခ ၏ သံ သ ရ ာ

(၁)

လမင်းသည် တထိန်ထိန်သာမြဲ သာလျက်ရှိ၏။ ကန်အစပ်တွင် စိုက်ပျိုးထားသော စံပယ်ရုံကြီးတွင်လည်း စံပယ်ပန်းများသည် ဖွေး၍နေအောင် ပွင့်နေကြဆဲပင်ဖြစ်၏။ ထို့ကြောင့် စံပယ်ရုံကြီး အနီးအနား တစ်ဝိုက်တွင် သင်းကြိုင်လျက်ရှိ၏။

အိပ်စက်ခြင်းပြုရန်အတွက် အချိန်လည်း များစွာ မကျန်ရှိတော့ပြီ ဖြစ်၍ စံပယ်ရုံကြီးအောက်ရှိ ခုံတန်းလျားထက်တွင် ကြာမြင့်စွာ ထိုင်နေခဲ့ရာမှ ဦးသန်းတင့်သည် လေးလေးလံလံနှင့် ပင်ပင်ပန်းပန်း ထလိုက်ရ၏။ သူ၏ဦးခေါင်းသည် များစွာ ထိုင်းမှိုင်းနောက်ကျိလျက် ရှိနေ၏။ ဦးနှောက်ကို မတန်မတရား အလုပ်ပေးထားခဲ့ပြီဖြစ်သည် မဟုတ်သလော။ မနက်ဖြန်တွင် ရင်ဆိုင်ရန်ရှိသော အရပ်ရပ် အမှုကိစ္စများကို ဣန္ဒြေရှိရှိ ရင်ဆိုင်ရန်အတွက် သူသည် ဦးနှောက်ကို အနားပေးရဦးမည် ဖြစ်သည် မဟုတ်သလော။ အိပ်စက်ချိန်လည်း ပေးရဦးမည်ဖြစ်သည် မဟုတ်သလော။

လူတို့တွင် အချိန်ကိုယ်စီ ရှိကြ၏။ အချိန်နှင့် ကင်းလွတ်သော လူဟူ၍ မရှိ။ လူသည် တစ်ချိန်လုံး အလုပ်လုပ်ကိုင်ခြင်းငှာ မတတ်နိုင်ကောင်းသကဲ့သို့ တစ်ချိန်လုံး ထိုင်နားနေ၍လည်း မဖြစ်ပေ။ အလုပ်လုပ်

mgyoe.com

ရသောအချိန်နှင့် အနားယူရသော အချိန့်ဟူ၍ ရှိကြရသည် မဟုတ်သလော။

စည်းကမ်းတင်းကျပ်သော သူ့သမီး မစု မသိရှိရအောင် အိပ်ရာထက်မှ လစ်ထွက်လာခဲ့ပြီးနောက် ကန်အစပ်တွင် အချိန်များစွာ ကုန်လွန်ခြင်း ပြုခဲ့သည့်တိုင်အောင် ဦးသန်းတင့်သည် သူ၏ ပြဿနာများနှင့် ပဋိပက္ခများကို တစ်ခါတည်း ရှင်းလင်းပြီးပြတ်သွားအောင် စဉ်းစားခြင်းကား မပြုနိုင်ခဲ့ပေ။ တကယ်ဆိုတော့ သူ့ပဋိပက္ခနှင့် ပြဿနာများသည် ရှုပ်ထွေးများပြားလှရုံသာမက နှုးညံ့သိမ်မွေ့ခြင်းပါ ရှိနေ၏။ မည်ကဲ့သို့ပင်ဖြစ်စေ အချိန်အကုန်ခံကာ စဉ်းစားခြင်းပြုသောကြောင့် သူ ရင်ဆိုင်ရမည့် ပြဿနာနှင့် ပဋိပက္ခများကို သူ့ဟာနှင့်သူ နေရာတကျ ခင်းကျင်းနိုင်လာ၏၊ တန်းစီနိုင်လာ၏။

သူ ရှေးဦးစွာနှင့် အဓိကရင်ဆိုင်ရမည့် ပြဿနာမှာ သူတို့သားအဖတစ်တွေကို လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်လောက်က သူ့သဘောနှင့်သူ စွန့်ခွာသွားပြီးနောက် ယခုတစ်ဖန် သူ့သဘောနှင့်သူ ပြန်လာလိုပုံရသော သူ့မယားဟောင်း ဝေဝေ့ကိစ္စပင်ဖြစ်၏။ မင်းကြီးကတော် ဒေါ်မြရွှေပြ၍ သူဖတ်ရှုခဲ့ရသော ဝေဝေ့စာများအရ အသက်အရွယ်ရလာသော ထိုမိန်းမတစ်ယောက်သည် သူ ငယ်စဉ်က ရမ်းကားကျူးလွန်ခဲ့သော အမှားများကို ကောင်းစွာ နောင်တတရား ရရှိနေပုံရ၏။ အိမ်ကသာ လက်ခံမည်ဆိုလျှင် ပန်းဟောဝန်တွင် သူ၏ သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်း ပြန်လည်နေထိုင်ခြင်း ပြုလိုလှပုံလည်း ရ၏။

ဒုတိယပြဿနာမှာ သူ၏ ငယ်ရည်းစား ဆရာမကြီး ဒေါ်လှယဉ်၏ ကိစ္စဖြစ်၏။ ထိုအမျိုးသမီးသည် သူက ဝေဝေ့ဒဏ် ခံခဲ့ရသလို သူ့ဒဏ်ကို ခံခဲ့ရသော မိန်းမသားတစ်ဦးလည်းဖြစ်၏။ သို့ရာတွင် ထိုအမျိုးသမီးသည် သူ့အပေါ် ဘာအာဃာတမျှ မထားခဲ့။ သူပြန်လာသော

mgyoe.com

mgyoe.com SAMPLE BOOK


အခါ ကောင်းစွာ ဆီးကြိုလက်ခံ၏၊ ကောင်းစွာ ပြုစုညှော်ခံ၏။ သူ့တွင် မည်ကဲ့သို့ အကျပ်အတည်းရှိရှိ တတ်နိုင်သမျှ အကူအညီပေးရန် အဆင်သင့် ရှိနေမည့်အကြောင်း တိတိလင်းလင်း ထုတ်ဖော်ပြောကြားခဲ့သူ တစ်ဦးလည်း ဖြစ်၏။ ဤမျှလောက် မြင့်မြတ်သော အမျိုးသမီးတစ်ဦးကို သူသည် အဘယ်မှာ တွေ့နိုင်ဦးမည်နည်း။ ထို့ကြောင့်လည်း ထိုအမျိုးသမီးတစ်ယောက်အပေါ် ကိုယ့်ဘာသာကိုယ် သတိမထားမိဘဲ သူသည် စိတ်ကူးယဉ်နေခဲ့၏။ တိမ်းညွတ်သာယာနေခဲ့၏။ ထိုသို့ သူ့ဘာသာသူ ကျိတ်၍ စိတ်ကူးယဉ်နေခဲ့သောအဖြစ်ကို ဦးသန်းတင့်သည် သတိမထားမိသော်လည်း ဝေဝေ မြန်မာနိုင်ငံသို့ ပြန်လာတော့မည်ဆိုသော သတင်းစကားကို မင်းကြီးကတော် ဒေါ်မြရွှေထံမှ ပထမအကြိမ်စ၍ ကြားရလျှင် ကြားရချင်း သူသည် သတိဝင်လာ၏။ သို့ရာတွင် ယခုအချိန်အထိတော့ သူသည် ဒေါ်လှယဉ်အပေါ် စိတ်ကူးယဉ်ရုံမျှသာရှိပြီး စိတ်ကူးယဉ်နယ်နိမိတ်ကိုကား ကျော်လွန်ခြင်း မရှိသေးပေ။ မည်သို့ပင်ဖြစ်စေ ထိုအမျိုးသမီးကတော့ သူ့ဘာသာသူ ထင်စားနေလိမ့်မည်သာဖြစ်၏။

တတိယပြဿနာမှာ သူ့ကိုယ်နှင့်သူ ဖြစ်ပွားနေရသောကိစ္စဖြစ်၏။

ဦးသန်းတင့်၏ ဘဝကြီးတစ်ခုလုံးတွင် ဆန့်ကျင်ဘက်လိင်နှင့် သက်ဆိုင်သော ဆက်ဆံရေးဆို၍ ဝေဝေနှင့် ဒေါ်လှယဉ်တို့ နှစ်ဦးရှိခဲ့၏။ ပထမတစ်ပတ်ကလည်း ဤအမျိုးသမီးနှစ်ဦးသာ ဖြစ်သကဲ့သို့ ယခုတစ်ပတ်တွင်လည်း ထိုအမျိုးသမီးနှစ်ဦးပင်ဖြစ်၏။ ပထမတစ်ကြိမ်က သူသည် အသက်အစိတ်ခန့် ပတ်ဝန်းကျင်တွင်ဖြစ်၏။ ထိုအမျိုးသမီးနှစ်ဦးတို့မှုကား ၂၀ ခန့် အရွယ်များတွင် ဖြစ်ကြ၏။ ယခုတစ်ကြိမ်တွင်မူကား သူသည် ၄၀ ကျော်လွန်ခဲ့လေပြီ။ ထိုအမျိုးသမီးနှစ်ယောက်မှုကား ၄၀ အနီးအနား တစ်ဝိုက်လောက်တွင် ရှိကြ၏။

ပထမတစ်ကြိမ်က သူသည် လှယဉ်နှင့် စိတ်ကူးရင်းတန်းလန်းနှင့်

mgyoe.com

mgyoe.com
SAMPLE BOOK


ဝေဝေ့ကို ဖြုန်းစားကြီး လက်ထပ်လိုက်ခြင်းဖြစ်၏။ ယခုတစ်ကြိမ်တွင်လည်း လှယဉ်နှင့် ပြန်လည် စိတ်ကူးယဉ်၍ကောင်းတုန်း သူတို့နှစ်ဦးအကြားသို့ ပထမအကြိမ်ကကဲ့သို့ ဝေဝေသည် မမျှော်လင့်ဘဲ ဝင်ရောက်လာပြန်ခြင်းဖြစ်သည် မဟုတ်သလော။ ဝေဝေသည် လင်နှင့် သားသမီးများကို သူ့သဘောနှင့်သူ စွန့်ခွာသွားခဲ့ရာမှ သူ့ဘာသာသူ နောင်တတရားရ၍ ပြန်လည်ချဉ်းကပ်ရန် ကြံစည်နေသော အမျိုးသမီးဖြစ်၏။ လှယဉ်မှုကား သူ့ကို အစဉ်အမြဲခွင့်လွှတ်ကာ အစဉ်သဖြင့် လက်သင့်ခံရန် ပြင်ဆင်ထားသော မိန်းမသားဖြစ်၏။

ပထမတစ်ကြိမ်က သူသည် အမျိုးအမည် မထင်ရှားသော ဥပစာတန်း ကျောင်းသူကလေးတစ်ဦးဖြစ်သူ လှယဉ်ကို ကျောခိုင်းခဲ့၏။ အင်းလျားကန်စောင်းတွင် ကျယ်ဝန်းသော ခြံဝင်းနှင့် တိုက်နှင့် နေထိုင်နိုင်သော ဘိလပ်ပြန် ဝတ်လုံတော်ရကြီးနှင့် ဝန်ကြီးဟောင်းတစ်ဦး၏ သမီးဖြစ်သူ ဝေဝေ့ကို လက်ထပ်ယူငင်ခဲ့၏။ ယခုတစ်ကြိမ်တွင် သူ့ကို စွန့်ခွာသွားပြီးနောက် ပြန်ကပ်လိုသော ဝေဝေနှင့် သူ့ကို ခွင့်လွှတ်စောင့်စားနေသော လှယဉ်တို့နှစ်ဦး၏အကြားတွင် သူ့ကိုယ်သူ အဘယ်သို့ အဘယ်ပုံ နေရာချထားမည်နည်း။ သူနှင့် သူ၏ သားသမီးများ၏ ကြမ္မာကို အဘယ်ပုံ အဘယ်နည်း စီရင်ဆုံးဖြတ်မည်နည်း။ ထို့ကြောင့် ဦးသန်းတင့်၏ တတိယပြဿနာမှာ သူ့ကိုယ်နှင့်သူ ဖြစ်ပွားနေရသော ကိစ္စဟု ဆိုခဲ့ခြင်းဖြစ်၏။

## (၂)

သို့ရာတွင် တရားဥပဒေသမားကြီး ဦးသန်းတင့် ရင်ဆိုင်နေရသော ပြဿနာနှင့် ပဋိပက္ခများသည် ထိုမျှလောက်နှင့် ပြီးဆုံးခြင်းမရှိသေးပေ။ နောက်ဆုံးလည်းဖြစ်၊ အထွတ်အထိပ်လည်းဖြစ်သော ပဋိပက္ခကြီးတစ်ခု ကျန်ရှိနေသေး၏။ ယင်းမှာ အခြားမဟုတ်။ တစ်ချိန်

mgyoe.com

mgyoe.com SAMPLE BOOK


ချိန်တွင် ပန်းဟောဝန်သို့ အိမ်ရှင်မသစ်အဖြစ်ဖြင့် ကြွမြန်းရောက်ရှိလာမည့် တစ်ဦးမဟုတ်လျှင် တစ်ဦးဦးသော အမျိုးသမီးနှင့် သူ့သမီးကြီး မစုတို့၏ ပြဿနာပင် ဖြစ်၏။

ယခုအခါ ပန်းဟောဝန်တွင် အိမ်ရှင်မကြီးအဖြစ်ဖြင့် မင်းမူ အုပ်ချုပ်နေသူမှာ သူ့သမီးကြီး မစုဖြစ်၏။ တစ်အိမ်လုံး သူ့လက်၊ သူ့ခြေနှင့် သူ့ဩဇာချည်းဖြစ်၏။ စည်းကမ်းကလနားလည်း တင်းကျပ်၏။ သူကိုယ်တိုင်ပင် ထိုမိန်းကလေး၏ ဩဇာအာဏာကို လွန်ဆန်နိုင်သူ မဟုတ်။ ပန်းဟောဝန်တွင် ထိုမိန်းကလေး သတ်မှတ်ထားရှိသော စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနေထိုင်ခြင်းပြုရသော အိမ်သား တစ်ဦးမျှသာဖြစ်၏။

မည်ကဲ့သို့ပင်ဖြစ်စေ များမကြာမီကာလအတွင်း ပန်းဟောဝန်သို့ အိမ့်ရှင်မကြီးအဖြစ်ဖြင့် အပြင်အပမှ အမျိုးသမီးတစ်ဦး ဝင်ရောက်လာ စရာ အခြေအနေသစ်များ တစ်စတစ်စ ဖြစ်ပွားပေါ်ပေါက်လျက်ရှိနေ၏။ ပန်းဟောဝန်တွင် အိမ်ရှင်မသစ် ဖြစ်နိုင်စရာ အလားအလာရှိသော အမျိုး သမီးနှစ်ဦးမျှ ရှိနေ၏။ သို့မဟုတ် အိမ်ဦးနတ်သည် အလေးအနက် စဉ်းစားနေရ၏။ ယင်းအမျိုးသမီးနှစ်ဦးမှာ မူလ အိမ်ရှင်မဟောင်း ဝေဝေနှင့် ဦးသန်းတင့်၏ ချစ်သူဟောင်း ဆရာမကြီး ဒေါ်လှယဉ်တို့ ဖြစ်ကြ၏။

သို့ရာတွင် ပန်းဟောဝန်အတွက် လိုအပ်လျက်ရှိသော အိမ်ရှင်မ ကြီးတစ်ဦး ရွေးချယ်ရေး ကိစ္စနှင့်ပတ်သက်၍ ဦးသန်းတင့်သည် သူကိုယ်တိုင် ယတိပြတ်ဆုံးဖြတ်ခြင်း မပြုနိုင်သေး။ ငယ်ရွယ်သူတစ်ဦး လည်း မဟုတ်တော့သဖြင့် ရှေ့နောက် ဝဲယာနှင့် အဘက်ဘက်မှ စဉ်းစား တွက်ချက်နေရသူတစ်ဦးဖြစ်၏။ အိမ်ထောင်ပြုရသော အလုပ်ကိစ္စသည် လူတစ်ဦးတစ်ယောက်အတွက် အလွန်တရာ အရေးကြီးသော အရေး

mgyoe.com

mgyoe.com SAMPLE BOOK

အခင်းကြီးတစ်ရပ် ဖြစ်သည်မဟုတ်သလော။ အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုးဆိုသော ဩဝါဒစကားကို ရှေးလူများသည် ပေါ့ပေါ့ တန်တန် ထားခဲ့ကြသည် မဟုတ်ပေ။ လူအဆက်ဆက်၏ ခါးသီးသော အတွေ့အကြုံများမှ တရားထုတ်ထားခဲ့ကြခြင်းသာဖြစ်၏။ သို့ရာတွင် ပထမအိမ်ထောင်ကြီးအကြောင်းတစ်မျိုးမဟုတ်လျှင် တစ်မျိုးမျိုးကြောင့် ပြိုလဲပျက်စီးသွားခဲ့ရပြီးနောက် နောက်ထပ်တစ်ဖန် စဉ်းစားရသော အိမ်ထောင်ရေးသည် သာလွန်၍ အရေးကြီး၏။ လုံးချင်းများ မဟုတ်ကြဘဲ နောက်ဆက်တွဲများ အသီးသီးပါလာလျှင် အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။

ဦးသန်းတင့်သည် လုံးချင်းဘဝနှင့် ပထမ အိမ်ထောင်ရေးကို စဉ်းစားခြင်း ပြုခဲ့ရစဉ်ကလည်း သူ၏ နှလုံးသားထက် ဦးနှောက်ကို ဦးစားပေး စဉ်းစားခဲ့သူဖြစ်၏။ ထိုစဉ်က သူ၏နှလုံးသား များစွာ တိမ်းညွတ်နေသော မိန်းကလေးတစ်ဦး ရှိနေခဲ့ကာမူလည်း ဦးသန်းတင့် သည် သူ၏ ကြီးပွားတိုးတက်ရေးနှင့် ကောင်းစားချမ်းသာရေးကိုသာ အဓိကထားကာ အခြားတစ်ပါးသော မိန်းကလေးတစ်ဦးနှင့် အိမ်ထောင် ပြုခဲ့၏။ ယခုတစ်ဖန် နောက်အိမ်ထောင်သစ် ထူထောင်ရန်အတွက် မစဉ်းစားမဖြစ် စဉ်းစားလာရပြန်သောအခါတွင်လည်း နှလုံးသားထက် ဦးနှောက်ကိုသာ အလေးထား စဉ်းစားခြင်း ပြုရမည်ကဲ့သို့ ဖြစ်နေပြန်၏။

လူ့လောကတွင် တစ်အိုးတစ်အိမ်နှင့် တစ်လင်တစ်မယား စနစ်သည် အသင့်မြတ်ဆုံးနှင့် အကောင်းဆုံး အိမ်ထောင်ရေးဖြစ်၏။ သူ့အမိနှင့် သူ့သားသမီး၊ သူ့အဖနှင့် သူ့သားသမီး စသည်တို့ထက် ညီညွတ်စိုပြည်သော၊ သင့်လျော်ကောင်းမွန်သော အိမ်ထောင်ရေး အဘယ်မှာ ရှိသေးသနည်း။ ဦးသန်းတင့်သည် သူ့ကိုယ်နှိုက်ပင် ပထွေး မိထွေးများ နှင့် နေမဖြစ်၍ မိတကွဲ ဖတကွဲ လူဖြစ် ကြီးပြင်းလာခဲ့ရသူ တစ်ဦးဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK


သည် မဟုတ်သလော။ သူ ဖြတ်သန်းလာခဲ့ရသော ဘဝဆိုးနှင့် အဖြစ်ဆိုးမျိုးကို သူ၏ သားသမီးများ မတွေ့ရ၊ မကြုံရအောင် သူသည် များစွာ အလေးထား၏။ ထို့ကြောင့်လည်း သူသည် အိမ်ရှင်မ,မရှိဘဲ ၁၀ နှစ်သာသာခန့် သူ့ကိုယ်သူ ထိန်းသိမ်းနေထိုင်နိုင်ခဲ့ခြင်းဖြစ်၏။

သို့ရာတွင် လူ့သမိုင်းသည် တစ်ခါတစ်ခါ တစ်ပတ် ပြန်လည်လာတတ်သကဲ့သို့ လူ့ဘဝသည်လည်း တစ်ပတ် ပြန်လည်တတ်သလော။ သူရင်ဆိုင်နေရသော ပြဿနာနှင့် ပဋိပက္ခများကို အပြန်ပြန်အလှန်လှန် စဉ်းစားရင်း ဦးသန်းတင့်သည် သူ့ကိုယ်သူ ပြန်လည်မေးမြန်းခြင်း ပြုလာရ၏။ မည်ကဲ့သို့ပင်ဖြစ်စေ သူ့ဘဝသည် တစ်ပတ်ပြန်လည်လျက် ရှိနေသည်ကား အမှန်ပင်ဖြစ်၏။ ထိုသို့ တစ်ပတ်ပြန်လည်လာသောဘဝကို သူသည် အဘယ်ပုံ အဘယ်နည်း စီရင်ဆုံးဖြတ်မည်ဆိုသော အချက်တစ်ချက်သာ ကျန်၏။

ယခုအခါ ပန်းဟောဝန်သို့ အိမ်ရှင်မအဖြစ်ဖြင့် အလုပ်ဝင်ရန်အဆင်သင့်ဖြစ်နေကြသော သူ၏ ငယ်ချစ်ဟောင်း ဒေါ်လှယဉ်နှင့် သူပစ်ခွာသွားခဲ့သော ထိုအိမ်၊ လင်ယောကျ်ားနှင့် သားသမီးများကို ပြန်ကပ်ချင်သော သူ့မယားဟောင်း ဝေဝေတို့နှစ်ဦး ဦးသန်းတင့်ရှေ့တွင် ရပ်နေကြ၏။ ယင်းသို့ ရပ်နေကြသော ပန်းဟောဝန် အိမ်ရှင်မလောင်း နှစ်ဦးရှိသည့်အနက် ဦးသန်းတင့်သည် အနေးနှင့်အမြန်ဆိုသလို တစ်ဦးဦးကိုရွေးချယ်ဆုံးဖြတ်ရတော့မည်ဖြစ်၏။ သို့ရာတွင် သူသည် ဘယ်သူ့ကိုရွေးချယ်ခြင်းပြုမည်နည်း။

ဦးသန်းတင့်၏ နှလုံးသားသည် ဆရာမကြီး ဒေါ်လှယဉ်အပေါ်များစွာ တိမ်းညွတ်လျက်ရှိနေမည်မှာ အမှန်ပင်ဖြစ်၏။ အိမ်ထောင်ရေးတွင် နှလုံးသား၏ တိမ်းညွတ်မှုနှင့် လုပ်ရှားဆော့ကစားမှုများကိုသာ ဦးစားပေး စဉ်းစားမည်ဆိုလျှင် သူသည် ထိုအမျိုးသမီးကိုသာ ရွေးချယ်

mgyoe.com

mgyoe.com
SAMPLE BOOK


မိလိမ့်မည်ဖြစ်၏။ သို့ရာတွင် သူ့အမှားသူ နောင်တတရားများရကာ ပန်းဟောဝန်သို့ ပြန်လာချင်ရှာသော ဝေဝေ့အပေါ်တွင်ကား သူ၏ နှလုံးသားသည် လှုပ်ရှားခြင်းမရှိပေ။ ထို့ကြောင့် နှလုံးသား၏ တိမ်းညွတ်မှုများ၊ လှုပ်ရှားမှုများလောက်သာ အခိကထား စဉ်းစားမည်ဆိုလျှင် ဝေဝေသည် မရှုမလှ ရှုံးနိမ့်ရမည့်သူဖြစ်၏။

သို့ရာတွင် ပထမအိမ်ထောင် ပြိုလဲပျက်စီး၍ ဒုတိယအိမ်ထောင်သစ် ထူထောင်ရန် စဉ်းစားကြံစည်သူတစ်ဦးသည် အိမ်ထောင်ရေးအတွေ့အကြုံရှိသူတစ်ဦးဖြစ်၍ နှလုံးသား၏ ဆော့ကစားမှုတစ်ခုတည်းလောက်ကိုကြည့်၍ စီရင်ဆုံးဖြတ်ကြရိုး မရှိပေ။ ဦးနှောက်၏ စဉ်းစားချင့်ချိန်မှုကိုလည်း များစွာ အလေးထားလေ့ရှိတတ်ကြသည် မဟုတ်သလော။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်၍ အတွေ့အကြုံ များပြားလာချိန်များတွင် လူတို့သည် နှလုံးသားထက် ဦးနှောက်ကို ပို၍ အခိကထားတတ်ကြ၏။

သူ့ကိုယ်နှိုက်က မိတကွဲ ဖတကွဲ ကြီးပြင်းသူ ဖြစ်လာရသူတစ်ဦးဖြစ်၍ ဦးသန်းတင့်သည် သူ၏ သားသမီးများကို သူ့ကြမ္မာမျိုးနှင့် မတိုးမိရအောင် အထူး ဝီရိယထားရှိသူဖြစ်၏။ သူ့သားသမီးများကို မိထွေးနှင့်ထားရခြင်းထက် သည်အတိုင်းထားရခြင်းက တော်သေးသည်ဟု သဘောပိုက်ထားသူလည်းဖြစ်၏။ ဖြစ်နိုင်လျှင် ထိုကလေးများကို သူတို့၏ မွေးသမိခင်နှင့်သာ ရင်အုပ်မကွာ ထားချင်၏။ သို့ရာတွင် အကြောင်းကား မညီညွတ်ခဲ့ပေ။ ထို့ကြောင့် ထိုအမိမဲ့ ကလေးနှစ်ယောက်နှင့် သူသည် ၁၀ နှစ်သာသာခန့်မျှ ယောင်တီးယောင်ချာ နေထိုင်ခဲ့ရခြင်းဖြစ်၏။

ထိုသို့ သားရေးသမီးရေးဘက်မှ စဉ်းစားလိုက်သော အခါများတွင် နောင်တ တရားရ၍ ပန်းဟောဝန်သို့ ပြန်ကပ်ချင်ပုံရသော ထို

mgyoe.com

mgyoe.com SAMPLE BOOK


ကလေးများ၏ မိခင်သည်သာ သူ၏အတွက်ရော သူ၏ သားသမီးများ အတွက်ပါ အကောင်းဆုံးအိမ်ရှင်မ ဖြစ်မနေသလော။ မာန်ကျ၍ အစွယ်ကျိုးသွားပြီဖြစ်သော ထိုအမျိုးသမီးထက် ပန်းဟောဝန်အတွက် ကောင်းသော အိမ်ရှင်မ အဘယ်မှာ ရှိနိုင်သေးသနည်း။

သို့ရာတွင် ဝေဝေ့ကို ပန်းဟောဝန်သို့ ပြန်ခေါ်တင်လိုက်လျှင် သူ ပထမဦးဆုံး ရင်ဆိုင်ရမည့် ပြဿနာမှာ အခြားတော့မဟုတ်။ သူ့သမီး မစုပင်ဖြစ်၏။ ထိုမိန်းကလေးသည် သူ့ဘာသာသူ မော်ကြွား သုံးဖြုန်းရန် အတွက် ပန်းဟောဝန်ကိုပင် သူ့သဘောနှင့်သူ ရောင်းချလိုက်ပြီးနောက် သူတို့မောင်နှမနှစ်ယောက်တို့ကို ရက်ရက်စက်စက် ပစ်ထားခဲ့သော သူ့မိခင်အပေါ် များစွာ နာကြည်းလျက်ရှိ၏။ သူ့မိခင်အကြောင်း လေသံမျှ အဟာမခံသူဖြစ်၏။ ပန်းဟောဝန်သို့ နောင်တရ၍ ပြန်ကပ်ချင်သော ဝေဝေနှင့် သူ့အမေအပေါ် ခါးခါးသီးသီးဖြစ်နေသော မစုတို့၏ ပဋိပက္ခသည် အဘယ်မျှ ပြင်းထန်ဆိုးရွားခြင်း ရှိမည်နည်း။ ထိုပြဿနာကို ဦးသန်းတင့်သည် များစွာ အလေးထားစဉ်းစားခြင်း ပြုနေရ၏။ မအေနှင့် သမီး တဓောင်းစေးနှင့် မျက်ချေး သို့မဟုတ် တဆူဆူတပူပူဖြစ်နေသော အိမ်ထောင်ကြီးသည် အဘယ်သို့ အေးချမ်းငြိမ်သက်ခြင်း ရှိနိုင်ပါ့မည်နည်း။ အဘယ်သို့ သာယာအေးချမ်းနိုင်ပါမည်နည်း။ မိစုံဖစုံနှင့် အိမ်ထောင်ကြီးတစ်ခုသည် မကြာမကြာ ရန်ဖြစ်ဆူပူနေရလျှင် အဘယ်သို့ ချမ်းမြေ့ပျော်ရွှင်စရာ ရှိနိုင်ပါမည်နည်း။

ယင်းသို့ ဝေဝေနှင့် သူ့သမီး မစုတို့၏ အခင်းအကျင်း အနေအထားများနှင့် ဆက်ဆံရေးများကို စဉ်းစားလိုက်သောအခါ ဦးသန်းတင့်သည် ထိုင်းမှိုင်းနောက်ကျိ၍ သွား၏။ ဝေဝေသည် သူ့သမီး မစု၏ စိတ်နေသဘောထားကို သိရှိလိမ့်ဦးမည်ကား မဟုတ်သေးပေ။ ထိုအကြောင်းကို သိရှိသွားလျှင် ပန်းဟောဝန်သို့ ထိုမိန်းမတစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK


ပြန်ကပ်ဝံ့ပါမည်လော။ ယင်းသို့ ထိုကလေးများ၏ မိခင်ရင်းဖြစ်သူ မကပ်ဝံ့လျှင်ကော ဆရာမကြီး ဒေါ်လှယဉ်ကို ပန်းဟောဝန်သို့ ဆွဲတင်၍ ဖြစ်ပါမည်လော။ လှယဉ်သည် အဘယ်မျှ သဘောထားဖြူစင် ကြီးမြတ်သော အမျိုးသမီးတစ်ဦး ဖြစ်စေကာမူ သူ၏ ဝမ်းဗိုက်နှင့် လွယ်၍ မွေးရသည့် မဟုတ်သောကြောင့် သူ၏ သားသမီးများနှင့် လိပ်ပြာကွဲနေ လိမ့်မည်သာဖြစ်၏။ စိတ်ဝမ်းနှင့် လိပ်ပြာကွဲနေသော အိမ်ထောင်ကြီး တစ်ခုသည် အဘယ်သို့ အေးချမ်းငြိမ်သက်နိုင်မည်နည်း။ သာယာ ပျော်ရွှင်စရာ ရှိပါမည်နည်း။

စည်းကမ်းတင်းကျပ်သော သူ့သမီး မစု မသိရှိရအောင် အိပ်ရာ ထက်မှ လစ်ထွက်လာခဲ့ပြီးနောက် ကန်အစပ်တွင် အချိန်များစွာ ကုန်လွန် ခြင်းပြုခဲ့သည့်တိုင်အောင် ဦးသန်းတင့်သည် သူ၏ ပြဿနာများနှင့် ပဋိပက္ခများကို တစ်ခါတည်း ရှင်းလင်းပြီးပြတ်သွားအောင် စဉ်းစားခြင်း မပြုနိုင်သေးပေ။ တကယ်ဆိုတော့ သူ၏ ပဋိပက္ခနှင့် ပြဿနာများသည် ရှုပ်ထွေးများပြားလှရုံသာမက နူးညံ့သိမ်မွေ့ခြင်းပါ ရှိနေ၏။ လွယ်လွယ် ပေါ့ပေါ့ ကိုင်တွယ်ဖြေရှင်း၍ ရနိုင်ကောင်းသည် မဟုတ်။ အချိန်ပေးရ မည်၊ စိတ်ရှည်ရမည်။ မည်ကဲ့သို့ပင်ဖြစ်စေ အချိန်ကုန်ခံကာ စဉ်းစားခြင်း ပြုသောကြောင့် သူရင်ဆိုင်ရမည့် ပြဿနာနှင့် ပဋိပက္ခများကိုမူကား သူ့ဟာနှင့်သူ နေရာတကျ ခင်းကျင်းနိုင်လာ၏၊ တန်းစီနိုင်လာ၏။

(၃)

သူသည် အိမ်အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်လာခဲ့၏။ ဦးခေါင်းသည် အသုံးချလွန်းအားကြီးသဖြင့် မှိုးဝေနောက်ကျိလျက်ရှိ၏။ သူ၏ အိပ်ခန်းအတွင်းသို့ ဝင်လာသောအခါ အိမ်အပေါ်ထပ် တိုင်ကပ် နာရီကြီး၏ သုံးနာရီထိုးသံကို ဦးသန်းတင့် ကောင်းစွာ ကြားလိုက်ရ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အဖို့ ဦးနှောက်ကို အနားပေးရန်နှင့် အိပ်စက်ခြင်းပြုရန် အချိန်များစွာ မကျန်လှတော့ပေ။ မနက်ဖြန်တွင်လည်း သူ့တွင် အစီအစဉ်များ ပြည့်ကျပ်လျက်ရှိနေ၏။ နံနက်ပိုင်းတွင် သူသည် တရားလွှတ်တော်သို့ တက်စရာရှိ၏။ ရာဇဝတ်မှုကြီးတစ်ခုနှင့် ပတ်သက်နေသောကိစ္စဖြစ်၏။ နေ့ခင်းဘက်တွင် မင်းကြီးကတော် ဒေါ်မြရွှေသည် ပန်းဆိုးတန်းဘက်ရှိ သူ၏ ရုံးခန်းသို့ လက်ဖက်ရည်သောက် လာလိမ့် ဦးမည်။ ညနေပိုင်းတွင် ဟံသာဝတီ စက်ရှင်တရားရုံး၌ အာမခံပေးရန်ရှိသော အမှုကိစ္စတစ်ခု အတွက် လျှောက်လဲချက်ပေးရန် ကိစ္စရှိသေး၏။ ည ၆ နာရီတွင် ကန်တိုမင်ဘက်တွင် နေထိုင်လျက်ရှိသော ဆရာမကြီး ဒေါ်လှယဉ်၏ နေအိမ်သို့ ဝင်ရမည်၊ ညစာလည်း စားရဦးမည်ဖြစ်၏။

အိပ်ရာထဲသို့ အသာ ဝင်လှဲလိုက်သည့်တိုင်အောင် ဦးသန်းတင့်သည် မှုးဝေနှောက်ကျိလျက် ရှိစေကာမူ သူသည် ရုတ်တရက် အိပ်စက်၍မရပေ။ တရားလွှတ်တော်နှင့် စက်ရှင်တရားရုံးများတွင် သူ ရင်ဆိုင်ရမည့် ကိစ္စများထက် မင်းကြီးကတော် ဒေါ်မြရွှေနှင့် ရင်ဆိုင်ရမည့် ပြဿနာက သူ့အဖို့ အရေးကြီးနေ၏။ ဒေါ်မြရွှေ သူ့ရုံးခန်းသို့ လက်ဖက်ရည်သောက်လာသောကိစ္စသည် သာမန်အလည်အပတ်လာခြင်း မဟုတ်နိုင်ပေ။ ဝေဝေ့ကိစ္စသာ ဖြစ်နိုင်စရာရှိ၏။ ဝေဝေ့ထံမှ အဘယ်ကဲ့သို့ ထူးခြားသော သတင်းစကား ပြောကြားရန် ရှိလေမည်နည်း။ ဝေဝေ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာမည့် နေ့ရက်နှင့် သတင်းများ အကြောင်း ပြောကြားလို၍များ ဖြစ်သလော။

မနက်ဖြန် ရုံးအဆင်းတွင် သူသည် ကန်တိုမင်ဘက်တွင် နေထိုင်လျက်ရှိသော ကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်၏ နေအိမ်သို့ ဝင်ရမည်။ ထိုအမျိုးသမီးကိုယ်တိုင် ချက်ပြုတ်တည်ခင်းသော ညစာကို စားသောက်ရဦးမည်။ သို့ရာတွင် ဆရာမကြီး ဒေါ်လှယဉ်က မနက်ဖြန်

mgyoe.com

ညစာ ဖိတ်ခေါ်ကျွေးမွေးပုံမှာ သူ့အဖို့ စဉ်းစားစရာရှိ၏။ ထိုအိမ်တွင် သူ ညစာစားသောက်ခဲ့ရသည်မှာ ဘာမျှ မကြာလှသေး။ တစ်ပတ်ခန့် လောက်သာ ရှိသေး၏။ သူတို့နှစ်ယောက်၏ ဆက်ဆံရေး ပြန်လည် စတင်ခဲ့ကြသော လွန်ခဲ့သော ခြောက်လခန့်အတွင်း ယခုကဲ့သို့ ရက် စိပ်စိပ် ဖိတ်လေ့ဖိတ်ထ မရှိဖူးသဖြင့် တစ်ခုခုများ ပြောစရာဆိုစရာ၊ သို့မဟုတ် တိုင်ပင်စရာ ရှိနေ၍များ ဖြစ်လေမလားဟု စဉ်းစားရ၏။

ယင်းသို့ မနက်ဖြန်နေ့ခင်းပိုင်းနှင့် ညဦးပိုင်းများတွင် သူ ရင်ဆိုင် စရာရှိသော သူ့ကိုယ်ရေးကိစ္စ ထွေလီကာလီများအကြောင်း ခုနစ်စဉ် အမျှင်တန်း လျှောက်စဉ်းစားရင်း မျက်တောင်များ တစ်စတစ်စ လေးလာ ကာ သိမ့်သိမ့်နှင့် အိပ်ပျော်တော့မည့်ဆဲဆဲတွင် "မေမေရေ၊ မေမေ" ဟူ၍ မွတ်မွတ်သိပ်သိပ်နှင့် တောင့်တောင့်တတ အော်ဟစ် ခေါ်ဝေါ်လိုက် သော သားငယ်ကိုတူး၏ ယောင်ယမ်းမြည်တမ်းသံကို ဦးသန်းတင့် ကြားလိုက်ရ၏။ ထိုကလေးသည် နှစ်ခါလည်သား အရွယ်လောက်မှစ၍ သူ့မိခင်နှင့် မျက်ခြည်ပြတ်သွားခဲ့ရသူဖြစ်၏။ ထို့ကြောင့် သူ့ကို မျက်ခြည် ပြတ်သွားခဲ့သော မိခင်လုပ်သူကို လူတကာ အိပ်မောကျနေတတ်ကြသော သန်းခေါင်ကျော်နှင့် လင်းအားကြီးအချိန်များတွင် ယောင်ယမ်းမြည်တမ်း တတ်၏။ အော်ဟစ်ခေါ်ဝေါ်တတ်၏။

သူ မွတ်သိပ်ဆာလောင်နေသော မိခင်လုပ်သူကို ယောင်ယမ်း မြည်တမ်းပြီးသောအခါ ထိုကလေးသည် ပြန်လည်ငြိမ်သက်သွား၏။ အိပ်ပျော်နေရာမှ ယောင်ယမ်းမြည်တမ်းခြင်းဖြစ်၍ ကိုတူးသည် အိပ်ပျော်မြဲ အိပ်ပျော်နေ၏။

စောစောက ကန့်အစပ်တွင် စဉ်းစားခဲ့စဉ်က ဦးသန်းတင့်သည် သူ၏ သားငယ်အတွက် အလေးပေး စဉ်းစားခြင်း မပြုခဲ့မိသည်ကို နောင်တရလာ၏။ သူသည် ပန်းဟောဝန်တွင် ဗိုလ်ကျ တွင်ကျယ်နေ

mgyoe.com

mgyoe.com  SAMPLE BOOK 

သော သမီးကြီးမစု၏ အရေးကိုသာ ဦးစားပေးကာလည်းကောင်း၊ အလေးထားကာလည်းကောင်း စဉ်းစားခြင်းပြုခဲ့၏။ မစုနှင့် အခွင့်အရေး တန်းတူညီမျှ ရရှိရမည်ဖြစ်သော သားငယ်ကိုတူး၏ အရေးနှင့် လိုအပ်ချက်ကိုမူကား ထည့်သွင်းစဉ်းစားခြင်းပြုဖို့ပင် သတိမရခဲ့ပေ။

မောင်နှမချင်းသာ ဖြစ်သော်ငြားလည်း သားငယ်ကိုတူးသည် သူ့အစ်မ မစုကဲ့သို့မဟုတ်။ သဘောချင်းရော သဘာဝချင်းပါ ခြားနား၏။ မစုက စိုးမိုးတွင်ကျယ်တတ်သလောက် ကိုတူးသည် သူ့ဘာသာသူ ဘာသာလဝါနှင့် အေးအေးချမ်းချမ်း နေထိုင်တတ်သူဖြစ်၏။ ထိုကလေးသည် ဘယ်သူ့ကိုမျှ ဒုက္ခလည်း မပေးတတ်သကဲ့သို့ အပူလည်း မရှာတတ်။ ပန်းဟောဝန်ရှိ အိမ်ဖော်များ အားလုံးသည် မစုကို ရွံ့ကြ၊ ကြောက်ကြသလောက် ကိုတူးကို ချစ်ကြ၊ သနားကြ၏။ ၎င်းအပြင် ထိုကလေးသည် ကောင်းစွာ ကျန်းမာခြင်းမရှိလှ၊ ရင်ကျပ်ပန်းနာ ရောဂါသည် ကလေးလည်းဖြစ်၏။

ယင်းသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခလည်း မပေး၊ အပူလည်း မရှာတတ်ဘဲ သူ ဆာလောင်မွတ်သိပ်နေသော သူ့မိခင်ကိုသာ သူ့ဘာသာသူ မြည်တမ်း ယောင်ယမ်းခြင်း ပြုရရှာသော သားငယ်ကိုတူးအတွက်ပါ ဦးသန်းတင့်သည် အလေးထား စဉ်းစားရလိမ့်ဦးမည် ဖြစ်သည် မဟုတ်သလော။

■

mgyoe.com

mgyoe.com SAMPLE BOOK

ဘ ဝ ဝဲ ဩ ဃ

## (၁)

နောက်တစ်နေ့နံနက်ပိုင်းတွင် တရားလွှတ်တော်၌ သူ၏အလုပ်တာဝန်များ ဆောင်ရွက်ပြီးစီး၍ ပန်းဆိုးတန်းဘက်ရှိ သူ၏အလုပ်ရုံးခန်းသို့ ဦးသန်းတင့် ပြန်ရောက်သောအခါ ၁၁ နာရီထိုးပြီးသွားလေပြီ။ သို့ရာတွင် သူ့အလုပ်ရုံးခန်းသို့ လက်ဖက်ရည်သောက်လာမည်ဟု ချိန်းထားသော မင်းကြီးကတော် ဒေါ်မြရွှေသည် ၁၂ နာရီခန့်လောက်မှ ရောက်ရှိလာမည်ဖြစ်သောကြောင့် သူ့အတွက် အပန်းဖြေအနားယူရန် နာရီဝက်သာသာခန့် ကောင်းစွာရရှိနိုင်၏။ ညကလည်း တစ်ညလုံးလိုလို နားနေအိပ်စက်ခြင်း မပြုခဲ့ရသဖြင့် ဦးသန်းတင့်သည် အားလပ်ခွင့်ရသေးသော အချိန်ပိုင်းကို ကောင်းစွာ အသုံးပြုလို၏။

သူ၏ ရုံးအလုပ်သမားများဖြစ်ကြသော ဦးမြမောင်နှင့် ဦးသူတော်တို့သည် သူ၏ စေခိုင်းချက်အရ ဧည့်သည် ရောက်ရှိလာလျှင် အဆင်သင့် စားသောက်ရန်အတွက် ဆင်းဝိ(ချ်)၊ သစ်သီးကိတ်၊ ဆိတ်သားဥာပနာမုန့်၊ ရွှေငှက်ပျောသီး၊ လက်ဖက်ရည်နှင့် အခြားလိုအပ်စရာများကို သူ၏ဧည့်ခန်း စားပွဲထက်တွင် အဆင်သင့်ပြင်ဆင်ထားနှင့်ကြ၏။ ထိုအကြောင်းကို သူ အလုပ်ရုံးခန်းအတွင်းသို့ ဝင်

mgyoe.com

mgyoe.com SAMPLE BOOK

လာလာချင်း ဦးသူတော်က အစီရင်ခံ၏။ ထို့ကြောင့် မင်းကြီးကတော် ဒေါ်မြရွှေ မရောက်လာမီ အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ သူသည် လက်ခံတွေ့ဆုံခြင်း မပြုလိုကြောင်း သူ၏ ရုံးအလုပ်သမားများကို သေသေချာချာနှင့် တိတိကျကျ မှာကြားပြီးနောက် ဦးသန်းတင့်သည် သူ၏ရုံးခန်းအတွင်းသို့ ဝင်လာခဲ့၏။ ထို့နောက် တံခါးကိုပိတ်ကာ မင်းတုပ်ချပြီးနောက် ငြိမ်းချမ်းရေးယူရန် သူ့ကိုယ်သူ ပြင်ဆင်၏။

အသက်အရွယ်ကလည်း တစ်စထက်တစ်စ ထောက်လာသဖြင့် အလုပ်ဖိစီး၍ ပင်ပန်းသောအခါများတွင် သက်သောင့်သက်သာ အနားယူနိုင်ရန်အတွက် ဦးသန်းတင့်သည် သူ၏ ရုံးခန်းအတွင်း၌ ပက်လက်ကုလားထိုင်တစ်လုံး ထားရှိ၏။ ခြေတင်၊ လက်တင်များပါ ပါ၏။ ခေါင်းပေါင်း၊ အပေါ်အင်္ကျီနှင့် အခြား ရှေ့နေရှေ့ရပ်တို့၏ အဆောင်အယောင်များကို ဖြုတ်ချွတ်ပြီးနောက် ပက်လက်ကုလားထိုင်ထက်တွင် လှဲ၍ ဘာမျှမကြာသေးမီပင် တယ်လီဖုန်း၏ နှိုးဆော်သံကို စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာ ကြားရ၏။ ထို့ကြောင့် သက်ပြင်းကိုချရင်း ပက်လက်ကုလားထိုင်ထက်တွင် အသာလှဲနေရာမှ ထရပြန်၏။ ထို့နောက် သူ၏ အနားယူချိန်ကို အလိုက်ကန်းဆိုးမသိ နှောင့်ယှက်လာသော တယ်လီဖုန်းစကားပြောခွက်ကို စိတ်တိုတိုနှင့် ခပ်ဆောင့်ဆောင့်ကလေး ကောက်ကိုင်လိုက်၏။

"ကိုသန်းတင့်လား" ဟူသော တစ်ဖက်မှ သူ့နာမည်ကိုတပ်ကာ ရင်းရင်းနှီးနှီး ခေါ်ဝေါ်သံ ကြားလိုက်ရကတည်းက သူနှင့် ရန်ကုန် တက္ကသိုလ်ကျောင်းတိုက်တွင် ကျောင်းနေဖက်ဖြစ်သူ ရန်ကုန်လက်ထောက်ပုလိပ်မင်းကြီး ဦးကျော်တင့်၏အသံမှန်း ဦးသန်းတင့်သည် ကောင်းစွာကျက်မိ၏။ ထို့ကြောင့် "ကိုကျော်တင့်မဟုတ်လား၊ ဆိုစမ်းပါဦး၊ ဘာများ အရေးတကြီး ရှိနေလို့ပါလိမ့်" ဟု များစွာ စိတ်ဝင်စားခြင်း မရှိလှ

mgyoe.com